(၁) **သာမန်ရငွေပိုမိုရရှိမှု။** **သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**တွင် ကျမ်းစာအုပ်ရောင်းရငွေများ၊ အိမ်ခန်းငှားရမ်းခရငွေ၊ စာမေးပွဲဝင်ကြေးများရရှိခြင်း၊ ပြဋ္ဌာန်းစာအုပ်ရောင်းချရငွေ၊ ဗုန်နှင့်ပြတိုက်များသို့ လာရောက်လေ့လာသော နိုင်ငံခြားသားနှင့် ပြည်တွင်းဧည့်သည်ဦးရေများပြားခြင်းကြောင့်ဝင်ကြေးများ ပိုမိုရရှိခြင်း၊ **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**တွင် တင်ဒါပုံစံရောင်းရငွေများ၊ မွေးမြူရေးကြက်ခြံ မြေငှားရမ်းခရငွေ၊ ကျွဲ၊ နွား၊ ခွာနာလျှာနာ ကာကွယ်ဆေးရောင်းရငွေ၊ နို့စားနွား၊ သိုး၊ ဝက်၊ ဘဲ၊ ဆိတ်ရောင်းရငွေများ၊ ဆိုင်ခန်းငှားရမ်းခရငွေ၊ ဆိုင်ခန်းမီတာခများကောက်ခံရရှိငွေ၊ ယွန်းထည်ပစ္စည်းများရောင်းချရငွေ၊ ခေတ်ခွဲစမ်းသပ်ခရငွေများ၊ **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**တွင် အပြည်ပြည်ဆိုင်ရာလေယာဉ်များ မြန်မာပြည်နယ်နိမိတ်အပေါ်ဖြတ်သန်းခြင်းမှရငွေများ၊ ယာဉ်မောင်းလိုင်စင်အခနှုန်းထားများ ပြောင်းလဲကောက်ခံခြင်း၊ ပြည်ပတင်သွင်းယာဉ်များ အချိန်မီလာရောက်ဆောင်ရွက်ခြင်းမပြု၍ ဒဏ်ကြေးငွေများကောက်ခံခြင်း၊ နှစ်လဲမှတ်ပုံတင်ဆောင်ရွက်သော ယာဉ်စီးရေနှင့် ယာဉ်မောင်း လိုင်စင်စောင်ရေတိုးလာခြင်း၊ **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**တွင် မြန်မာ့သစ်လုပ်ငန်းမှထုတ်ယူသော သစ်တောထွက်ပစ္စည်းများအတွက် အခွန်ရငွေများ၊ ကျောက်စိမ်းလုပ်ကွက်များမှကောက်ခံရရှိသော တွင်းဝခွန်များ၊ ပုံသေမြေငှားရမ်းခကြွေးကျန်များ၊ စက်သုံးဆီသိုလှောင်ခွင့်လိုင်စင်ကြေးများ၊ ပစ္စည်းပေးသွင်းရန်ပျက်ကွက်သော ကုမ္ပဏီမှဒဏ်ကြေးငွေများ၊ မြေပုံများပိုမိုရောင်းချရခြင်း၊ ဆိုင်ခန်းငှားရမ်းခရငွေများရရှိခြင်း၊ လျှပ်စစ်ခေတ်အားလိုင်းသွယ်တန်းရာတွင် မလွတ်ကင်း၍ခုတ်လှဲရာတွင်ပါဝင်သည့် စိုက်ခင်းမှအပင်များအတွက်လျော်ကြေး

ငွေများရရှိခြင်း၊ **အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**တွင် နယ်စပ်ဖြတ်သန်းခများ၊ နယ်စပ်ဖြတ်သန်းခွင့်စာအုပ် (BP/TBP) ရောင်းချရငွေများ၊ ပြည်ဝင်ဗီဇာခများ၊ Oversea Employment ကော်မတီ စာရွက်စာတမ်းကြေး၊ ပြည်ပသို့သွားရောက်လုပ်ကိုင်သည့် အလုပ်သမားများ ထံမှရရှိသည့်မှတ်ပုံတင်ကြေး၊ နိုင်ငံခြားသားအလုပ်သမား ဒဏ်ကြေးငွေများ၊ မှတ်ပုံတင်ခများ၊ စာချုပ်ဖောက်ဖျက်လျော်ကြေးငွေများ၊ **ပညာရေးဝန်ကြီးဌာန**တွင်လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုသင်တန်းမှရရှိသည့် ဝင်ငွေများအတွက် ဖွင့်လှစ်ထားသည့် ငွေစုစာရင်းစာအုပ်များပိတ်သိမ်း၍ နိုင်ငံတော်သို့ပေးသွင်းခြင်း၊ အမှတ်စာရင်းနှင့်အောင်လက်မှတ်အတွက် တောင်းခံကြေးများပိုမိုရရှိခြင်း၊ နိုင်ငံတော်ထောက်ပံ့ငွေမှရငွေများပိုမိုရရှိခြင်း၊ ယခင် **စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**တွင် နိုင်ငံပိုင်၊ သမဝါယမပိုင်၊ ပုဂ္ဂလိကပိုင်ကဏ္ဍတို့မှ ကုန်သွယ်လုပ်ငန်းခွန်များ၊ အရက်၊ ဝိုင်နှင့် ကားထုတ်လုပ်မှုများနှင့် သွင်းကုန်များမှ အထူးကုန်စည်ခွန်များ၊ သတ်မှတ်ကာလတွင် လာရောက်ထုတ်ယူခြင်းမရှိသည့် ဘဏ္ဍာသိမ်းထီဆုငွေများ၊ စည်းကြပ်မှုမှလွတ်ကင်းနေသော ဝင်ငွေအပေါ် သက်သာသော အခွန်ရာခိုင်နှုန်းဖြင့် အခွန်ထမ်းဆောင်ခြင်း ပြုခဲ့သဖြင့် အိမ်ခြံမြေများ ဝယ်ယူမှုများပြားလာခြင်းကြောင့် ဝင်ငွေခွန်များ ပိုမိုရရှိခဲ့ခြင်းနှင့် တရားမဝင်ကုန်စည်ထိန်းချုပ်ရေး စီမံချက်များရေးဆွဲ၍ ပူးပေါင်းစစ်ဆေးရေးဂိတ်များ ဖွင့်လှစ်ဆောင်ရွက်ခြင်းတို့ကြောင့် အခွန်ရငွေများပိုမိုရရှိခြင်း၊ **ဆောက်လုပ်ရေးဝန်ကြီးဌာန**တွင် တံတားအသုံးပြုခရငွေများ၊ တံတားများအပေါ် ပိုက်လိုင်းဖြတ်သန်းခရငွေများ၊ မြေတိုင်းခ၊ မြေရာဇဝင်ကူးခများ၊ ဌာနပိုင်အဆောက်အဦနှင့် မြေငှားရမ်းခများရရှိခြင်း၊ **ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန**တွင် ခရီးလှည့်လည်ရေးလိုင်စင်ကြေးများ၊ ဟိုတယ်နှင့်တည်းခိုရိပ်သာလိုင်စင်ကြေးများနှင့် ဧည့်လမ်းညွှန်လိုင်စင်ကြေးများ၊ မြေငှားရမ်းခ၊ ဟိုတယ်ငှားရမ်းခနှင့် လိုင်စင်ဒဏ်ကြေးများ ပိုမိုရရှိခြင်းတို့ကြောင့် လျာထားချက်ထက်ပိုမိုရခြင်း။

(၂) **သာမန်ရငွေလျော့နည်းရရှိမှု။** **နိုင်ငံခြားရေးဝန်ကြီးဌာန**တွင်နိုတီထောက်ခံချက် ပြုလုပ်ပေးရမှုလျော့နည်းခြင်း၊ ပြည်ပအကူအညီရငွေဖြင့်ဆောင်ရွက်မည့် မဲခေါင်-လန်ချန်းစီမံကိန်း အကောင်အထည်ဖော်နိုင်မှုမရှိသေးခြင်းကြောင့် ယင်းအသုံးစရိတ်နှင့် ဆက်စပ်သည့်ရငွေများ စာရင်းတင်နိုင်မှုမရှိသေးခြင်း၊ ပြည်ပရောက် မြန်မာနိုင်ငံသားများအတွက် ထောက်ခံချက်ပြုလုပ်ပေးရမှု နည်းပါးခြင်း၊ **ပြန်ကြားရေးဝန်ကြီးဌာန**တွင် MRTV နှင့်ဆက်စပ် ရုပ်သံလိုင်းများမှ လစဉ်

ပေးသွင်းရန်ငွေများ မပေးသွင်းရသေးခြင်း၊ ၂၀၂၀-၂၀၂၁ ပညာသင်နှစ်၏ ကျောင်းသုံးစာအုပ်များမှာ ပို့ဆောင်ဆဲကာလဖြစ်ခြင်း၊ **ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနတွင်** မြေနှင့် အဆောက်အဦငှားရမ်းခ၊ ဟိုတယ်ငှားရမ်းခများမှာ ခြောက်လတစ်ကြိမ်နှင့် တစ်နှစ်တစ်ကြိမ်ပေးသွင်းခြင်းကြောင့် ပထမ (၃) လပတ်တွင်မရရှိသေးခြင်း၊ **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတွင်** တိုင်းဒေသကြီး/ပြည်နယ်များ၏ ဆေးဆိုင်လိုင်စင်ကြေးနှင့် WHO, UNICEF, UNFPA, ADB တို့မှ ပြည်ပအကူအညီရငွေများ လျာထားချက်အတိုင်း မရရှိခြင်း တို့ကြောင့် လျော့နည်းရခြင်း။

(၃) **သာမန်သုံးငွေလျော့နည်းသုံးစွဲမှု။ ကာကွယ်ရေးဝန်ကြီးဌာနတွင်** ထောက်ပံ့ရေးပစ္စည်းများတွင် တိရစ္ဆာန်ရိက္ခာများ၊ ဆေးပစ္စည်းများ လျော့နည်းဝယ်ယူခဲ့ခြင်း၊ အဆောက်အဦနှင့်လေယာဉ်ကွင်းများ၏ ပြုပြင်ထိန်းသိမ်းစရိတ်များ၊ ပညာရှင်ငှားရမ်းခများလျော့နည်းသုံးစွဲခြင်း၊ **နယ်စပ်ရေးရာဝန်ကြီးဌာနတွင်** နယ်ကျောင်းများသို့ သင်တန်းသုံးပစ္စည်းများ ခွင့်ပြုထုတ်ပေးမှုမရှိသေးခြင်း၊ ပညာပေးသင်တန်းများဖွင့်လှစ်မှုနည်းခြင်း၊ နယ်ဝန်ထမ်းများ ပြင်ပသင်တန်းတက်ရောက်မှုနည်းပါးခြင်း၊ အိန္ဒိယနိုင်ငံမှလျာဒါန်းထောက်ပံ့ငွေမရရှိသေးခြင်း၊ **ပြန်ကြားရေးဝန်ကြီးဌာနတွင်** ကျောင်းသုံးကုန်ကြမ်းပစ္စည်းများ ဝယ်ယူရန်အတွက် စာချုပ်ချုပ်ဆို ဆောင်ရွက်ဆဲဖြစ်ခြင်း၊ အဆောက်အဦပြင်ဆင်ခြင်းနှင့် စက်ကွဲ့ခိုင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုမရှိသေးခြင်း၊ စာပေဆုရွေးချယ်ရေးအဖွဲ့၏ အစည်းအဝေးကျင်းပသည့် အကြိမ်ရေနည်းပါးခြင်း၊ **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတွင်** သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ဆဲဖြစ်ခြင်း၊ စိုက်ခင်းဟောင်းထိန်းသိမ်းခြင်းလုပ်ငန်းများ မဆောင်ရွက်နိုင်သေးခြင်း၊ စက်သုံးဆီများကို Quotation ဖြင့် ဝယ်ယူရာတွင် ဈေးနှုန်းလျော့နည်းခြင်း၊ ရုံးနှင့်ဝန်ထမ်းနေအိမ်ပြုပြင်ခြင်းများဆောင်ရွက်ဆဲဖြစ်ခြင်း၊ ပြည်ပအဖွဲ့အစည်းမှ ရန်ပုံငွေလွှဲပို့မှုမရှိသေးခြင်းကြောင့် ယင်းနှင့်ဆက်စပ်သည့်အသုံးစရိတ်များမသုံးစွဲရသေးခြင်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများသို့ ထည့်ဝင်ကြေးပေးသွင်းရန်ဆောင်ရွက်ဆဲဖြစ်ခြင်းနှင့် ခွင့်ပြုမိန့်တင်ပြထားဆဲဖြစ်ခြင်း၊ **ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတွင်** ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် လိုအပ်သောဆေးနှင့်ဆေးဘက်ဆိုင်ရာပစ္စည်းများဝယ်ယူရန် တင်ဒါခေါ်ယူနေဆဲဖြစ်ခြင်း၊ TB နှင့် ART ဆေးများဝယ်ယူရန် လျာထားခဲ့သော်လည်း ဝယ်ယူနိုင်မှုမရှိခြင်း၊ ပြင်ဆင်ထိန်းသိမ်းစရိတ်အချို့အတွက် ငွေပေးချေနိုင်မှုမရှိသေးခြင်း၊ ပညာပေးသင်တန်း

များ ဆောင်ရွက်နိုင်မှုမရှိသေးခြင်း၊ **ဆောက်လုပ်ရေးဝန်ကြီးဌာန**တွင် လမ်းတံတားလုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုမည့်ပစ္စည်းများအတွက် တင်ဒါခေါ်ယူရန်ဆောင်ရွက်ဆဲဖြစ်ခြင်း၊ မြေယာရှင်းထိန်းသိမ်းခြင်း လုပ်ငန်းများဆောင်ရွက်ရန်ခွင့်ပြုမိန့် တောင်းခံဆဲဖြစ်ခြင်း၊ မြို့ပြဆိုင်ရာ အထောက်အကူပြုသင်တန်းများစေလွှတ်ရန် စီစဉ်နေဆဲဖြစ်ခြင်း၊ ပညာပေးသင်တန်းများနှင့် ဌာနတွင်းသင်တန်းများ ဖွင့်လှစ်ရန်ဆောင်ရွက်ဆဲဖြစ်ခြင်း၊ ချေးငွေဖြင့်ဆောင်ရွက်မည့်လုပ်ငန်းများအတွက် ချေးငွေရယူနိုင်မှုမရှိခြင်းကြောင့် ချေးငွေအပေါ် အတိုးပေးချေမှုမရှိသေးခြင်း၊ **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**တွင် မော်တော်ယာဉ်နှင့် စက်စွည်း ပြင်ဆင်စရိတ်အတွက် ခွင့်ပြုချက်တောင်းခံထားခြင်း၊ လူမှုရေးပင်စင်စာအုပ်များထုတ်ရန်အတွက် တင်ဒါလုပ်ငန်းစဉ်ဆောင်ရွက်နေဆဲဖြစ်ခြင်း၊ ဂေဟာများနှင့် ဘိုးဘွားရိပ်သာများမှလူဦးရေစာရင်းများအား စိစစ်နေဆဲဖြစ်ခြင်းကြောင့် ၂၀၂၀ ပြည့်နှစ်ဇန်နဝါရီလအတွင်းမှ ထောက်ပံ့မည်ဖြစ်ခြင်း၊ လူငယ်နှင့်ကလေးသူငယ်စောင့်ရှောက်ရေးလုပ်ငန်းနှင့် လူမှုဂရုဏာစောင့်ရှောက်ရေးလုပ်ငန်းများအတွက် ထောက်ပံ့မှုများလျော့နည်းခြင်း၊ နိုင်ငံခြားအသင်းအဖွဲ့များသို့ နှစ်စဉ်ကြေးများပေးချေရန်ဆောင်ရွက်ဆဲဖြစ်ခြင်း၊ **ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန**တွင် Digital Marketing အသုံးစရိတ်များ ပေးချေရန်အတွက် တင်ဒါလုပ်ငန်းဆောင်ရွက်ဆဲဖြစ်ခြင်း၊ သံတွဲရုံးခွဲ၊ မြဝတီရုံးခွဲနှင့် ဟားခါးရုံးခွဲများတွင် ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုသင်တန်းနှင့် ဒေသဆိုင်ရာ ဧည့်လမ်းညွှန်သင်တန်းများ ဖွင့်လှစ်နိုင်မှုမရှိခြင်းတို့ကြောင့် လျော့နည်းရခြင်း။

(ခ) **ငွေလုံးငွေရင်းရငွေ၊သုံးငွေ။** ပြည်ထောင်စုဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ငွေလုံးငွေရင်းရငွေပိုင်းတွင် ပထမ(၃)လပတ်လျာထားချက် ကျပ် ၃၃,၈၉၆.၆၁၀ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၁,၈၁၈.၀၃၅ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၃၄.၈၆ ဖြစ်ပါသည်။ ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် ပထမ(၃)လပတ် လျာထားချက် ကျပ် ၉၁၇,၅၈၄.၅၃၁ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၃၉၇,၆၆၇.၇၂၂ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၄၃.၃၄ ဖြစ်ပါသည်။ ငွေလုံးငွေရင်းရငွေ၊ သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **ငွေလုံးငွေရင်းရငွေပိုမိုရရှိမှု။** **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန**တွင် စက်အရံပစ္စည်းဟောင်းများနှင့် Tools & Plant ပစ္စည်းဟောင်းများ ရောင်းချရငွေများ၊ ယခင် **စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**တွင် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်

ရုံးမှ မြေနှင့်အဆောက်အဦရောင်းချရာတွင် တင်ဒါတန်ဖိုး၏ ၃၀% နှင့် ၇၀% အား နိုင်ငံတော်သို့ပေးသွင်းလာခြင်းကြောင့် လျာထားချက်ထက် ပိုမိုရခြင်း။

(၂) **ငွေလုံးငွေရင်းရငွေလျော့နည်းရရှိမှု။ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**တွင် FARM Project အတွက် IFAD မှ ထောက်ပံ့ငွေ၊ Training Course on Food Processing စီမံကိန်းအတွက် မဲခေါင်-လန်ချန်းနှင့် ဩစတြေးလျနိုင်ငံတို့မှ အထောက်အပံ့များ လျော့နည်းရရှိခြင်း၊ ACIAR၊ KSVS၊ KOICA၊ KRC၊ ICSP၊ CSAVC၊ NICHE နှင့်IAIDP တို့၏ ထောက်ပံ့ငွေများအား အပြည့်အဝထုတ်ယူသုံးစွဲနိုင်မှုမရှိခြင်း၊ မီးလင်းရေးလုပ်ငန်းများ၊ ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်စေမည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ အရှေ့ပိုင်းဒေသများမှ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် Kfw မှထောက်ပံ့ငွေနှင့် ဂျုံသီးနှံထုတ်လုပ်မှုတိုးတက်ရေးအတွက် အရည်အသွေးပြည့်မီသော ဂျုံမျိုးများဖြန့်ဖြူးခြင်းနှင့် စိုက်ပျိုးထုတ်လုပ်သည့် နည်းပညာပေးသင်တန်းများကျင်းပခြင်း စီမံကိန်းအတွက် KOPIA မှ ထောက်ပံ့ငွေများမရရှိသေးခြင်း၊ **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**တွင် စီမံကိန်းသစ်များအတွက် ရန်ပုံငွေထုတ်စာရင်းဖွင့်လှစ်ရန် ဆောင်ရွက်ဆဲဖြစ်ခြင်းကြောင့် ရန်ပုံငွေလွှဲပို့မှုမရှိသေးခြင်း၊ Project လုပ်ငန်းများနှင့် စက်ပစ္စည်းဝယ်ယူခွင့်ရရှိရေးအတွက် ဆောင်ရွက်ဆဲဖြစ်ခြင်းကြောင့် ပြည်ပအကူအညီရငွေများ လျော့နည်းရရှိခြင်း၊ **စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**တွင် UK နိုင်ငံ Department for International Development (DFID) အဖွဲ့အစည်းနှင့် ဆွစ်ဇာလန်နိုင်ငံအစိုးရတို့၏ ထောက်ပံ့မှုအတွက် သက်ဆိုင်ရာ ငွေကြေးကိုင်တွယ်သုံးစွဲသည့် အဖွဲ့အစည်းသို့ တောင်းခံထားသော်လည်း ပေးပို့လာမှုမရှိသောကြောင့် စာရင်းမတင်ရသေးခြင်း၊ **ပညာရေးဝန်ကြီးဌာန**တွင် နည်းပညာတက္ကသိုလ်များ ပညာရေးအဆင့်မြှင့်တင်ခြင်း စီမံကိန်း (The Project for Enhancing Technological Universities In Myanmar-ETUM) အတွက် JICA မှ လှူဒါန်းသည့် အခြားရုံးသုံးပစ္စည်းများ၏ Claim Bill များရရှိမှသာ သုံးစွဲနိုင်မည်ဖြစ်ခြင်း၊ ဒိန်းမတ်နိုင်ငံ၏ အကူအညီဖြင့် ဆောင်ရွက်သည့် စွမ်းဆောင်ရည်မြှင့်တင်ရေးရန်ပုံငွေ(CDF)အတွက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအလိုက် အကူအညီရရှိခြင်း၊ **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**တွင် ပြည်ပအကူအညီရငွေဖြင့်ဆောင်ရွက်မည့် စီမံချက်များသည် လုပ်ငန်းပြီးစီးမှုအလိုက် ငွေပေးချေပြီး ပထမ(၃)လပတ်တွင် လုပ်ငန်းစတင်နိုင်မှုမရှိခြင်းနှင့် Bill များမရောက်ရှိ

ခြင်းကြောင့် အမှန်စာရင်းတင် ဆောင်ရွက်နိုင်မှုမရှိခြင်း၊ **ဆောက်လုပ်ရေးဝန်ကြီးဌာန**တွင် ဌာနပိုင်အဆောက်အဦဟောင်း ရောင်းချရငွေများမရရှိသေးခြင်း၊ Kfw အကူအညီဖြင့်စီမံကိန်းအချို့မှာ တွက်ချက်မှု စာရင်းများစိစစ်လျက်ရှိခြင်းနှင့် အချို့လုပ်ငန်းများမှာ ဆောင်ရွက်ဆဲဖြစ်ခြင်းတို့ကြောင့် လျော့နည်းရခြင်း။

(၃) **ငွေလုံးငွေရင်းသုံးငွေလျော့နည်းသုံးစွဲမှု။** **နိုင်ငံခြားရေးဝန်ကြီးဌာန**တွင် ဆောက်လုပ်ရေးလုပ်ငန်းများဆောင်ရွက်ရန် တည်ဆောက်ရေးကော်မတီသို့ ခွင့်ပြုမိန့်တောင်းခံခြင်း၊ ရုံးသုံးစက်ကိရိယာများ၊ ရုံးသုံးပရိဘောဂများ၊ အခြားရုံးသုံးပစ္စည်းများ၊ ရုံးသုံးယာဉ်များဝယ်ယူရန် ဈေးနှုန်းစုံစမ်းနေဆဲနှင့် အကြီးအကဲထံမှဝယ်ယူခွင့် ခွင့်ပြုမိန့်တောင်းခံနေဆဲဖြစ်ခြင်း၊ နိုင်ငံခြားငွေသုံးစွဲခွင့်လျှောက်ထားဆဲဖြစ်ခြင်း၊ နယ်နိမိတ်ကိစ္စများဆောင်ရွက်ရန် နှစ်နိုင်ငံ ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ဆဲဖြစ်ခြင်း၊ **ပြည်ထဲရေးဝန်ကြီးဌာန**တွင် ဆောက်လုပ်ရေးလုပ်ငန်းနှင့် စက်ပစ္စည်းဝယ်ယူမှုများအတွက် တင်ဒါခေါ်ယူဆဲဖြစ်ခြင်း၊ **ကာကွယ်ရေးဝန်ကြီးဌာန**တွင် အဆောက်အဦတည်ဆောက်ရေးနှင့် စက်ပစ္စည်းများဝယ်ယူရေးအတွက် လုပ်ငန်းများစိစစ်ဆောင်ရွက်နေဆဲဖြစ်ခြင်း၊ **သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**တွင် တည်ဆောက်ရေးလုပ်ငန်းများအတွက် တင်ဒါခေါ်ယူရန် ဆောင်ရွက်လျက်ရှိခြင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လုပ်ငန်းအပ်နှံဆောင်ရွက်ရန်ပြုလုပ်နေခြင်း၊ လုပ်ငန်းအချို့မှာ Thirt Party(QC)၏ ခွင့်ပြုမိန့်တောင်းခံထားဆဲဖြစ်ခြင်း၊ ဖျော်ဖြေတင်ဆက်ပွဲများတွင် အသုံးပြုမည့် ဓာတ်ဝင်ခန်းသုံးအထည်အလိပ်၊ ဒြဒရာပစ္စည်းများနှင့် လျှပ်စစ်ပစ္စည်းများကို ဈေးနှုန်းစိစစ်၍ဝယ်ယူခဲ့ခြင်း၊ ဗိုလ်ချုပ်ရုပ်ရှင်ရိုက်ကူးရေးအတွက် Out Door နှင့် In Door ရိုက်ကွင်းဖန်တီးခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်ကျန်ရှိနေခြင်း၊ **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**တွင် တင်ဒါလုပ်ငန်းစဉ်များဆောင်ရွက်ဆဲဖြစ်ခြင်း၊ တည်ဆောက်ရေးလုပ်ငန်းများအားအဆောက်အဦဦးစီးဌာနသို့ လုပ်ငန်းအပ်နှံရန်အတွက် ခွင့်ပြုမိန့်တောင်းခံဆဲဖြစ်ခြင်း၊ ပြည်ပအကူအညီရငွေဖြင့်သုံးစွဲမည့် စီမံကိန်းလုပ်ငန်းများနှင့် စက်ပစ္စည်းများဝယ်ယူရန် ဆောင်ရွက်ဆဲဖြစ်ခြင်း၊ **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**တွင် ဂျပန်နိုင်ငံ ODA ချေးငွေ၊ ကိုရီးယားချေးငွေ၊ ADB ချေးငွေများဖြင့် ဆောင်ရွက်သည့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ စီမံကိန်းများအတွက် စာချုပ်ချုပ်ရန်ညှိနှိုင်းလျက်ရှိခြင်း၊ တင်ဒါလုပ်ငန်းများ ဆောင်ရွက်ဆဲဖြစ်ခြင်း၊ နိုင်ငံခြားမှ ပစ္စည်းများဝယ်ယူခြင်းအတွက် နိုင်ငံခြားသုံးငွေခွင့်ပြုမိန့်ရရှိပြီး

သော်လည်း ငွေလွှဲစာတမ်းဖွင့်လှစ်ရန် ဆောင်ရွက်ဆဲဖြစ်ခြင်း၊ **စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**တွင် တည်ဆောက်ရေးလုပ်ငန်းများအား လုပ်ငန်းပြီးစီးမှုရာခိုင်နှုန်းအရ ပေးချေနိုင်မှုမရှိသေးခြင်း၊ Computer နှင့် Laptop များ specification ပြောင်းလဲဝယ်ယူရန်တင်ပြထားဆဲဖြစ်ခြင်း၊ မော်တော်ယာဉ်အကြီးစားပြင်ဆင်မှုအတွက် စက်ပစ္စည်းကြီးကြပ်မှုကော်မတီသို့ တင်ပြထားဆဲဖြစ်ခြင်း၊ **ပညာရေးဝန်ကြီးဌာန**တွင် တည်ဆောက်ရေးလုပ်ငန်းများအတွက် တင်ဒါခေါ်ယူဆဲဖြစ်ခြင်းနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများအား လုပ်ငန်းပြီးစီးမှု ရာခိုင်နှုန်းအလိုက်ပေးချေရခြင်း၊ နည်းပညာတက္ကသိုလ်များ ပညာရေးအဆင့်မြှင့်တင်ခြင်းစီမံကိန်း (The Project for Enhancing Technological Universities In Myanmar-ETUM) အတွက် JICA မှ လှူဒါန်းသည့် အခြားရုံးသုံးပစ္စည်းများ၏ Claim Bill များရရှိမှ သာပေးချေရခြင်း၊ စက်ပစ္စည်းဝယ်ယူရန်အတွက် တင်ဒါစိစစ်ဆဲဖြစ်ခြင်း၊ ADB ချေးငွေဖြင့် ဆောင်ရွက်သည့် EYE Project မှ Consultant လစာများပေးချေရန်အတွက် နိုဝင်ဘာလအထိသာ စာရင်းတင်ထားခြင်း၊ **ဆောက်လုပ်ရေးဝန်ကြီးဌာန**တွင် တင်ဒါခေါ်ယူပြီးငွေပေးချေရန် စီစဉ်ဆောင်ရွက်ဆဲဖြစ်ခြင်း၊ ချေးငွေဖြင့် ဆောင်ရွက်သော တည်ဆောက်ရေးလုပ်ငန်းအချို့မှာ စာချုပ်ချုပ်ဆိုရန် ညှိနှိုင်းဆဲဖြစ်ခြင်း၊ မြေယာလျော်ကြေးများပေးချေရန် မြေယာပိုင်ရှင်များနှင့် ညှိနှိုင်းဆဲဖြစ်ခြင်း၊ရေကြီး၊ ရေလျှံ၊ မြေပြိုမှုများကြောင့် အရေးပေါ်ပြန်လည်ထူထောင်ရေး လုပ်ငန်းအချို့မှာ အသုံးစရိတ်များထုတ်ယူမှု မရှိသေးခြင်း၊ **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**တွင် တည်ဆောက်ရေးလုပ်ငန်းအချို့အား ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာနနှင့် စာချုပ်ချုပ်ဆိုနိုင်ရေး ဆောင်ရွက်လျက်ရှိခြင်း၊ တင်ဒါအောင်မြင်သည့်ကုမ္ပဏီများနှင့် စာချုပ်ချုပ်ဆိုခဲ့ပြီး လုပ်ငန်းများစတင်ဆောင်ရွက်လျက်ရှိခြင်းကြောင့် အသုံးစရိတ်များပေးချေနိုင်မှုမရှိသေးတို့ကြောင့် လျာထားချက်ထက် လျော့နည်းရခြင်း။

(ဂ) **ကြွေးမြီရငွေ၊သုံးငွေ။** ပြည်ထောင်စုဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ကြွေးမြီရငွေပိုင်းတွင် ပထမ(၃)လပတ်လျာထားချက် ကျပ် ၂၉၄,၈၉၆.၁၀၇ သန်းဖြစ်ပြီး၊အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၂၆,၂၈၉.၂၂၈ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၄၂.၈၂ ဖြစ်ပါသည်။ ကြွေးမြီအသုံးစရိတ်ပိုင်းတွင် ပထမ(၃)လပတ်လျာထားချက်ကျပ် ၉၇,၈၄၈.၇၅၂ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၆၈,၅၆၉.၈၄၆ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း

၇၀.၀၈ ဖြစ်ပါသည်။ ကြွေးမြီ ရငွေ၊ သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်းတွေ့ရှိရပါသည်-

(၁) **ကြွေးမြီရငွေလျော့နည်းရရှိမှု။** **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**တွင် ကမ္ဘာ့ဘဏ်ချေးငွေဖြင့်ဆောင်ရွက်သည့် ရေဝတီမြစ်ဝှမ်းဘက်စုံ စီမံခန့်ခွဲမှုစီမံကိန်းလုပ်ငန်းများအတွက် သုံးစွဲနိုင်မှုမရှိခြင်း၊ Telecom Sector Reform Project အတွက် စက်ပစ္စည်းများဝယ်ယူရန် တင်ဒါခေါ်ယူဆဲဖြစ်ခြင်း၊ အကြံပေးငှားရမ်းခများအား လုပ်ငန်းပြီးစီးမှုအတွက်သာ ငွေပေးချေရသဖြင့် ချေးငွေရယူနိုင်မှုမရှိခြင်း၊ **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**တွင် ရွှေလီ(၁)ရေအားလျှပ်စစ်ကုမ္ပဏီလီမိတက်တွင် ရင်းနှီးမြှုပ်နှံထားသော ချေးငွေနှင့်ထည့်ဝင်ငွေများအတွက် အရင်းကြိုတင်ဆပ်ငွေ ရရှိခဲ့သော်လည်း အမြတ်ဝေစုအတွက် မရရှိသေးခြင်း၊ ဂျပန်နိုင်ငံ ODA ချေးငွေ၊ ကိုရီးယားချေးငွေ၊ ADB ချေးငွေများလျာထားခဲ့သော်လည်း ကိုရီးယားချေးငွေများသာရရှိခဲ့ခြင်း၊ **စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**တွင် CFAVC စီမံကိန်းချေးငွေဖြင့် ဆောင်ရွက်မည့် ဓာတ်ခွဲခန်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်းအတွက် ညှိနှိုင်းဆဲဖြစ်ခြင်း၊ **ပညာရေးဝန်ကြီးဌာန**တွင် လူငယ်များအလုပ်အကိုင်ရရှိရေးအတွက် လေ့ကျင့်ပြုစုမွေးထုတ်ရေးစီမံကိန်း (EYE Project-Equipping Youth for Employment Sector Development ) အတွက် ADB နှင့် လုပ်ငန်းဆောင်ရွက်ရန် အသေးစိတ်ညှိနှိုင်းဆဲဖြစ်ခြင်း၊ လုပ်ငန်းအသုံးစရိတ်များအတွက် နိုဝင်ဘာလအထိသာ စာရင်းတင်ထားခြင်း၊ **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**တွင် ကမ္ဘာ့ဘဏ်ချေးငွေ၊ ADB နှင့် AFD မှ ချေးငွေများဖြင့်ဆောင်ရွက်သည့် လုပ်ငန်းများမှာ ဆောင်ရွက်ဆဲဖြစ်ခြင်း၊ ယခင် **စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**တွင် JICA မှ ချေးယူရငွေအား MADB မှတစ်ဆင့် လယ်သမားများသို့ ထုတ်ချေးခြင်းနှင့် ပြည်ပချေးယူရငွေအပေါ် နိုင်ငံတော်မှ စိုက်ထုတ်ပေးချေရသည့် အရင်းအတွက် အစိုးရအဖွဲ့အစည်းအသီးသီးမှအရင်းရငွေမှာ သက်ဆိုင်ရာ ချေးငွေပေးအပ်သည့် နိုင်ငံ/အဖွဲ့အစည်းများသို့ နိုင်ငံတော်မှစိုက်ထုတ် ပေးချေရန် အချိန်မစေ့ရောက်သေးသဖြင့် ဌာန/အဖွဲ့အစည်းများထံမှ ပြန်လည်မတောင်းခံရသေးခြင်း၊ FSDP Project ဖြင့် ဆောင်ရွက်သော စက်ပစ္စည်းများနှင့် အခြားအသုံးစရိတ်များမှာ ဆောင်ရွက်နိုင်မှုမရှိသေးခြင်း၊ **ဆောက်လုပ်ရေးဝန်ကြီးဌာန**တွင် လုပ်ငန်းများမှာတင်ဒါခေါ်ယူဆဲဖြစ်ခြင်း၊ အချို့လုပ်ငန်းများမှာ စာချုပ်ချုပ်ဆိုရန် ညှိနှိုင်းဆဲဖြစ်ခြင်း၊ ရေကြီး ရေလျှံမြေပြိုမှုများကြောင့်

အရေးပေါ်ပြန်လည်ထူထောင်ရေးစီမံကိန်းမှ လုပ်ငန်းအချို့မှာ ဆောင်ရွက်ဆဲဖြစ်ခြင်းတို့ကြောင့် ကြွေးမြီရငွေလျော့နည်းရခြင်း။

(၂) **ကြွေးမြီသုံးငွေပိုမိုသုံးစွဲမှု။** **ကာကွယ်ရေးဝန်ကြီးဌာနတွင်** စက်မှုဝန်ကြီးဌာနမှ စက်ရုံ(၄)ရုံ၊ အိန္ဒိယချေးငွေ၊ ဂျပန်ချေးငွေနှင့် တရုတ်ချေးငွေလွှဲပြောင်းမှုအတွက် ပေးဆပ်ရန် အချိန်စေ့ရောက်သောကြောင့် လျာထားချက်ထက် ပိုမိုသုံးစွဲခြင်း၊ **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတွင်** တရုတ်ချေးငွေ (အရင်း)မှာ (၁/၂၀၂၀) လတွင် စေ့ရောက်မည်ဖြစ်သော်လည်း EXIM Bank of China မှ ငွေတောင်းခံလွှာ မှာ (၁၂/၂၀၁၉) လတွင် ပေးပို့လာသည့်အတွက် စေ့ရောက်မည့်အချိန်ထက် ကြိုတင်၍ပေးချေခဲ့ရခြင်း၊ **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင်** Korea EDCF ချေးငွေ၊ CDB ချေးငွေ၊ India ချေးငွေနှင့် တရုတ်ချေးငွေများအတွက် အရင်းပြန်လည်ပေးဆပ်ခြင်းတို့ကြောင့် လျာထားချက်ထက် ပိုမိုရခြင်း။

(၃) **ကြွေးမြီသုံးငွေလျော့နည်းသုံးစွဲမှု။** ယခင် **စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတွင်** ပြည်ပချေးယူရငွေအပေါ် အရင်းပြန်လည်ပေးဆပ်ခြင်းအတွက် အင်္ဂလန်၊ နယ်သာလန်၊ ပြင်သစ်၊ ဖင်လန်၊ သြစတြီးယား၊ အိုပက်၊ ဂျာမဏီ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချေးငွေများအတွက် အရင်းပေးဆပ်ရန် အချိန်မစေ့ရောက်သေးခြင်းကြောင့် လျာထားချက်ထက် လျော့နည်းသုံးစွဲရခြင်း။

၂။ ပြည်ထောင်စုဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃) လပတ်လျာထားချက် ရငွေ၊ သုံးငွေများအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့်ပတ်သက်၍ အောက်ပါအတိုင်း ခြုံငုံသုံးသပ်တင်ပြအပ်ပါသည်-

(က) ရငွေပိုင်းတွင် သာမန်ရငွေရရှိမှု ၁၂၉.၄၁ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းရငွေရရှိမှု ၃၄.၈၆ ရာခိုင်နှုန်း၊ ကြွေးမြီရငွေရရှိမှု ၄၂.၈၂ ရာခိုင်နှုန်းဖြစ်သဖြင့် စုစုပေါင်း ရငွေ ရရှိမှုမှာ ၁၁၆.၅၆ ရာခိုင်နှုန်းဖြစ်ပါသည်။ သာမန်ရငွေပိုင်းတွင် လျာထားချက်ကိုပြည့်မီကျော်လွန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သော်လည်း ငွေလုံးငွေရင်းရငွေနှင့် ကြွေးမြီရငွေ ပိုင်းတွင် လျာထားချက်ပြည့်မီရန်လိုအပ်ကြောင်းတွေ့ရှိရပါသည်။

(ခ) သုံးငွေပိုင်းတွင် သာမန်အသုံးစရိတ် ၈၁.၄၂ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်း အသုံးစရိတ် ၄၃.၃၄ ရာခိုင်နှုန်း၊ ကြွေးမြီအသုံးစရိတ် ၇၀.၀၈ ရာခိုင်နှုန်း ဖြစ်သဖြင့် စုစုပေါင်းအသုံးစရိတ် ၇၃.၉၁ ရာခိုင်နှုန်းဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် လျာထားချက်ထက် အနည်းငယ် လျော့နည်းသုံးစွဲထားပြီး ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် လျာထားချက် ပြည့်မီရန်လိုအပ်ကြောင်းတွေ့ရှိရပါသည်။ ကြွေးမြီအသုံးစရိတ်ပိုင်းတွင် လျာထားချက်ထက် လျော့နည်းသုံးစွဲခဲ့ကြောင်း တွေ့ရှိရပါသည်။

၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃)လပတ် (အောက်တိုဘာလမှ ဒီဇင်ဘာလအထိ)

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

(စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ ပထမ (၃) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ ပထမ (၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ (၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ | | | | | | | | |
| | ၁ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား လူမှုဖူလုံရေးအဖွဲ့ | ၃၂,၇၀၀.၀၀၀ | ၆,၄၈၀.၈၅၈ | +၂၆,၂၁၉.၁၄၂ | ၃၄,၉၅၈.၄၃၅ | ၆,၂၇၆.၇၂၃ | +၂၈,၆၈၁.၇၁၂ | ၁၀၆.၉၀% | ၉၆.၈၅% |
| | | စုစုပေါင်း | ၃၂,၇၀၀.၀၀၀ | ၆,၄၈၀.၈၅၈ | +၂၆,၂၁၉.၁၄၂ | ၃၄,၉၅၈.၄၃၅ | ၆,၂၇၆.၇၂၃ | +၂၈,၆၈၁.၇၁၂ | ၁၀၆.၉၀% | ၉၆.၈၅% |

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃)လပတ် (အောက်တိုဘာလမှ ဒီဇင်ဘာလအထိ)

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

(သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ ပထမ (၃) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ ပထမ (၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ (၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ | | | | | | | | |
| | ၁ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား လူမှုဖူလုံရေးအဖွဲ့ | ၃၂,၇၀၀.၀၀၀ | ၆,၄၈၀.၈၅၈ | +၂၆,၂၁၉.၁၄၂ | ၃၄.၉၅၈.၄၃၅ | ၆,၂၇၆.၇၂၃ | +၂၈,၆၈၁.၇၁၂ | ၁၀၆.၉၀% | ၉၆.၈၅% |
| | | စုစုပေါင်း | ၃၂,၇၀၀.၀၀၀ | ၆,၄၈၀.၈၅၈ | +၂၆,၂၁၉.၁၄၂ | ၃၄.၉၅၈.၄၃၅ | ၆,၂၇၆.၇၂၃ | +၂၈,၆၈၁.၇၁၂ | ၁၀၆.၉၀% | ၉၆.၈၅% |

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃)လပတ် လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သောဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ သာမန်ရငွေပိုင်းတွင် ပထမ(၃)လပတ် လျာထားချက် ကျပ် ၃၂,၇၀၀.၀၀၀ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၃၄,၉၅၈.၄၃၅ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၁၀၆.၉၁ ဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် ပထမ(၃)လပတ်လျာထားချက် ကျပ် ၆,၄၈၀.၈၅၈ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၆,၂၇၆.၇၂၃ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၉၆.၈၅ ဖြစ်ပါသည်။ သာမန်ရငွေ၊ သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **သာမန်ရငွေပိုမိုရရှိမှု။** လူမှုဖူလုံရေးအဖွဲ့တွင် အကျုံးဝင်မှတ်ပုံတင်သည့် အလုပ်ဌာနများနှင့် အာမခံအလုပ်သမားဦးရေ တိုးတက်လာခြင်းကြောင့် ပိုမိုရရှိခြင်း။

(၂) **သာမန်သုံးငွေလျော့နည်းသုံးစွဲမှု။** လူမှုဖူလုံရေးအဖွဲ့တွင် ရုံးချုပ်၊ ရုံးခွဲများ၊ ဆေးရုံကြီးများနှင့် ဆေးခန်းများအတွက် လိုအပ်သော ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများ၊ ရုံးသုံးစက်ကိရိယာများနှင့် ရုံးသုံးယာဉ်များ ပြင်ဆင်ခြင်းတို့ အတွက်သုံးစွဲရန် လျာထားသော်လည်း ခွင့်ပြုမိန့်ပေးနိုင်ရန် လိုအပ်သည်များ ဆောင်ရွက်နေဆဲဖြစ်ခြင်း၊ အာမခံအလုပ်သမားများအတွက် အကျိုးခံစားခွင့်များ ထုတ်ပေးရန် ခန့်မှန်းတွက်ချက်ထားသည့် အသုံးစရိတ်များသည် မမျှော်မှန်းနိုင်သည့် အသုံးစရိတ်များဖြစ်ခြင်း၊ ရုံးချုပ်နှင့်ရုံးခွဲများ၏ သွယ်ဝိုက်အသုံးစရိတ်များ လျာထားသည့်အတိုင်း သုံးစွဲနိုင်မှုမရှိခြင်းတို့ကြောင့် လျာထားချက်ထက် လျော့နည်းရခြင်း။

၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃)လပတ် (အောက်တိုဘာလမှ ဒီဇင်ဘာလအထိ)

နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

(စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ ပထမ (၃) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ ပထမ (၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ (၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | | နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပြန်ကြားရေး | ၅,၄၁၄.၁၇၅ | ၃,၄၅၉.၃၀၈ | +၁,၉၅၄.၈၆၇ | ၄,၄၂၀.၇၁၁ | ၂,၁၀၇.၄၀၅ | +၂,၃၁၃.၃၀၆ | ၈၁.၆၅% | ၆၀.၉၂% |
| | ၂ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၁၉၅,၉၈၁.၂၃၈ | ၂၃၂,၆၆၇.၃၅၀ | -၃၆,၆၈၆.၁၁၂ | ၁၃၃,၀၂၃.၆၇၆ | ၁၁၅,၀၀၂.၅၃၆ | +၁၈,၀၂၀.၁၄၀ | ၆၇.၈၈% | ၄၉.၄၃% |
| | ၃ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | ၁၇၆,၂၄၅.၆၅၇ | ၁၁၁,၂၉၂.၀၁၅ | +၆၄,၉၅၃.၆၄၂ | ၁၄၁,၁၈၂.၀၉၆ | ၁၀၄,၀၈၈.၀၀၀ | +၃၇,၀၉၄.၀၉၆ | ၈၀.၁၁% | ၉၃.၅၃% |
| | ၄ | လျှပ်စစ်နှင့်စွမ်းအင် | ၁,၄၄၅,၅၄၀.၅၈၃ | ၁,၃၉၆,၄၅၃.၁၆၅ | +၄၉,၀၈၇.၄၁၈ | ၁,၀၆၇,၆၂၃.၃၃၇ | ၁,၁၁၉,၀၃၂.၈၈၄ | -၅၁,၄၀၉.၅၄၇ | ၇၃.၈၆% | ၈၀.၁၃% |
| | ၅ | စီမံကိန်း၊ဘဏ္ဍာရေးနှင့် စက်မှု | | | | | | | | |
| | | (ယခင်)စက်မှု | ၂၀,၃၈၂.၇၂၈ | ၈၇,၃၆၈.၀၃၃ | -၆၆,၉၈၅.၃၀၅ | ၂၁,၀၃၀.၆၈၅ | ၇၆,၆၆၀.၇၅၁ | -၅၅,၆၃၀.၀၆၆ | ၁၀၃.၁၈% | ၈၇.၇၅% |
| | | (ယခင်)စီမံကိန်းနှင့်ဘဏ္ဍာရေး | ၂၂၉,၉၆၉.၂၄၂ | ၁၉၁,၆၁၉.၃၃၅ | +၃၈,၃၄၉.၉၀၇ | ၂၅၀,၀၇၁.၆၅၈ | ၂၀၅,၆၃၉.၄၈၄ | +၄၄,၄၃၂.၁၇၄ | ၁၀၈.၇၄% | ၁၀၇.၃၂% |
| | | စုစုပေါင်း | ၂,၀၇၃,၅၃၃.၆၂၃ | ၂,၀၂၂,၈၅၉.၂၀၆ | +၅၀,၆၇၄.၄၁၇ | ၁,၆၁၇,၃၅၂.၁၆၃ | ၁,၆၂၂,၅၃၂.၀၆၀ | -၅,၁၇၉.၈၉၇ | ၇၈.၀၀% | ၈၀.၂၁% |

(က်ပ္သန္းေပါင္း)

| စဥ္ | | ဝန္ႀကီးဌာန / အဖြဲ႕အစည္းအမည္ | ၂၀၁၉-၂၀၂၀ ပထမ (၃) လပတ္ လ်ာထားခ်က် ရေငြ | အသုံးစရိတ္ | ပိုေငြ(+) / လိုေငြ(-) | ၂၀၁၉-၂၀၂၀ ပထမ (၃)လပတ္အတြက္ အေကာင္အထည္ေဖာ္ႏိုင္မႈ ရေငြ | အသုံးစရိတ္ | ပိုေငြ(+) / လိုေငြ(-) | ပထမ (၃)လပတ္အတြက္ လ်ာထားခ်က္အေပၚ ရေငြရရွိမႈ ရာခိုင္ႏႈန္း | သုံးေငြသုံးစြဲမႈ ရာခိုင္ႏႈန္း |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | | နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပြန်ကြားရေး | ၅,၄၁၄.၁၇၅ | ၃,၄၂၉.၈၀၈ | +၁,၉၈၄.၃၆၇ | ၄,၄၂၀.၇၁၁ | ၂,၀၈၀.၈၆၃ | +၂,၃၃၉.၈၄၈ | ၈၁.၆၅% | ၆၀.၆၇% |
| | ၂ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၆၅,၇၀၂.၆၈၅ | ၅၈,၇၄၃.၅၄၉ | +၆,၉၅၉.၁၃၆ | ၁၀၀,၃၇၈.၈၈၂ | ၄၈,၆၈၇.၆၈၉ | +၅၁,၆၉၀.၁၉၃ | ၁၅၂.၇၈% | ၈၂.၈၈% |
| | ၃ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | ၁၇၆,၂၄၅.၆၅၇ | ၁၁၁,၂၂၁.၀၂၉ | +၆၅,၀၂၄.၆၂၈ | ၁၄၁,၁၈၁.၈၃၉ | ၁၀၃,၈၀၁.၈၃၇ | +၃၇,၃၈၀.၀၀၂ | ၈၀.၁၁% | ၉၃.၃၃% |
| | ၄ | လျှပ်စစ်နှင့်စွမ်းအင် | ၁,၃၉၁,၉၃၀.၄၁၂ | ၁,၃၂၀,၇၉၄.၉၂၁ | +၇၁,၁၃၅.၄၉၁ | ၁,၀၆၀,၃၂၉.၀၉၄ | ၁,၀၈၉,၂၁၁.၄၁၄ | -၂၈,၈၈၂.၃၂၀ | ၇၆.၁၈% | ၈၂.၄၇% |
| | ၅ | စီမံကိန်း၊ဘဏ္ဍာရေးနှင့် စက်မှု | | | | | | | | |
| | | (ယခင်)စက်မှု | ၂၀,၃၈၂.၇၂၈ | ၂၈,၅၈၅.၁၈၁ | -၈,၂၀၂.၄၅၃ | ၁၈,၃၂၄.၁၀၉ | ၂၄,၁၅၀.၅၈၉ | -၅,၈၂၆.၄၈၀ | ၈၉.၉၀% | ၈၄.၄၉% |
| | | (ယခင်)စီမံကိန်းနှင့်ဘဏ္ဍာရေး | ၁၄၇,၅၇၄.၂၅၇ | ၁၆၉,၇၄၃.၃၉၀ | -၂၂,၁၆၉.၁၃၃ | ၁၇၄,၀၂၇.၉၃၃ | ၁၆၇,၈၈၅.၃၆၆ | +၆,၁၄၂.၆၀၇ | ၁၁၇.၉၃% | ၉၈.၉၀% |
| | | စုစုပေါင်း | ၁,၈၀၇,၂၄၉.၉၁၄ | ၁,၆၉၂,၅၁၇.၈၇၈ | +၁၁၄,၇၃၂.၀၃၆ | ၁,၅၉၈,၆၆၂.၆၀၈ | ၁,၄၃၅,၈၀၇.၇၅၈ | +၆၂,၈၄၄.၈၅၀ | ၈၂.၉၃% | ၈၄.၈၃% |

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃)လပတ် (အောက်တိုဘာလမှ ဒီဇင်ဘာလအထိ)

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ ပထမ (၃) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ ပထမ (၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ (၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | | **နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ** | | | | | | | | |
| | ၁ | ပြန်ကြားရေး | | ၂၉.၅၀၀ | -၂၉.၅၀၀ | | ၂၆.၅၄၂ | -၂၆.၅၄၂ | | ၈၉.၉၇% |
| | ၂ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၃,၁၆၈.၉၂၃ | ၁၇၂,၅၉၉.၉၂၄ | -၁၆၉,၄၃၁.၀၀၁ | ၆၂.၅၉၀ | ၅၅,၆၅၄.၅၁၈ | -၅၅,၅၉၁.၉၂၇ | ၁.၉၈% | ၃၂.၂၄% |
| | ၃ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | | ၇၀.၉၈၆ | -၇၀.၉၈၆ | ၀.၂၅၇ | ၂၈၆.၁၆၃ | -၂၈၅.၉၀၆ | | ၄၀၃.၁၃% |
| | ၄ | လျှပ်စစ်နှင့်စွမ်းအင် | ၁၃၇.၆၅၈ | ၆၂,၂၉၂.၈၄၅ | -၆၂,၁၅၅.၁၈၇ | | ၃,၁၅၂.၅၁၉ | -၃,၁၅၂.၅၁၉ | | ၅.၀၆% |
| | ၅ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း | | | | | | | | |
| | | (ယခင်)စက်မှု | | ၂၂,၀၄၃.၅၃၆ | -၂၂,၀၄၃.၅၃၆ | ၂,၇၀၆.၅၇၆ | ၁၉,၅၄၂.၃၁၃ | -၁၆,၈၃၅.၇၃၇ | | ၈၈.၆၅% |
| | | (ယခင်)စိုက်ပျိုးရေးနှင့်ဘဏ္ဍာရေး | ၇.၀၄၉ | ၂,၂၉၀.၀၀၅ | -၂,၂၈၂.၉၅၆ | ၆.၆၃၂ | ၂၇၂.၉၀၀ | -၂၆၆.၂၆၉ | ၉၄.၀၈% | ၁၁.၉၂% |
| | | စုစုပေါင်း | ၃,၃၁၃.၆၃၀ | ၂၅၉,၃၂၆.၇၉၆ | -၂၅၆,၀၁၃.၁၆၆ | ၂,၇၇၆.၀၅၆ | ၇၈,၉၃၄.၉၅၆ | -၇၆,၁၅၈.၉၀၀ | ၈၃.၇၈% | ၃၀.၄၄% |

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃)လပတ် (အောက်တိုဘာလမှ ဒီဇင်ဘာလအထိ)

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (ကြေးမြီစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ ပထမ (၃) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ ပထမ (၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ (၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၄ | | နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပြန်ကြားရေး | | | | | | | | |
| | ၂ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၁၂၇,၁၀၉.၆၃၀ | ၁,၃၂၃.၈၇၇ | +၁၂၅,၇၈၅.၇၅၃ | ၃၂,၅၈၂.၂၀၃ | ၁၀,၆၆၀.၃၂၉ | +၂၁,၉၂၁.၈၇၄ | ၂၅.၆၃% | ၈၀၅.၂၄% |
| | ၃ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | | | | | | | | |
| | ၄ | လျှပ်စစ်နှင့်စွမ်းအင် | ၅၃,၄၇၂.၅၁၃ | ၁၃,၃၆၅.၃၉၉ | +၄၀,၁၀၇.၁၁၄ | ၇.၂၉၄.၂၄၃ | ၂၆,၆၆၈.၉၅၁ | -၁၉,၃၇၄.၇၀၈ | ၁၃.၆၄% | ၁၉၉.၅၄% |
| | ၅ | စီမံကိန်း၊ဘဏ္ဍာရေးနှင့် စက်မှု | | | | | | | | |
| | | (ယခင်)စက်မှု | | ၃၆,၇၃၉.၃၁၆ | -၃၆,၇၃၉.၃၁၆ | | ၃၂,၉၆၈.၈၄၉ | -၃၂,၉၆၈.၈၄၉ | | ၈၉.၇၄% |
| | | (ယခင်)စီမံကိန်းနှင့်ဘဏ္ဍာရေး | ၈၂,၃၈၇.၉၃၆ | ၁၉,၅၈၅.၉၄၀ | +၆၂,၈၀၁.၉၉၆ | ၇၆,၀၇၇.၀၅၃ | ၃၇,၄၈၁.၂၁၇ | +၃၈,၅၅၅.၈၃၆ | ၉၂.၃၄% | ၁၉၁.၇၇% |
| | | စုစုပေါင်း | ၂၆၂,၉၇၀.၀၇၉ | ၇၁,၀၁၄.၅၃၂ | +၁၉၁,၉၅၅.၅၄၇ | ၁၁၅,၉၅၃.၄၉၉ | ၁၀၇,၇၇၉.၃၄၆ | +၈,၁၇၄.၁၅၃ | ၄၄.၀၈% | ၁၅၁.၇၇% |

# နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏
# ၂၀၁၉ -၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃)လပတ် လျာထားချက်အပေါ်
# အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ သာမန်ရငွေပိုင်းတွင် ပထမ(၃)လပတ် လျာထားချက်ကျပ် ၁,၈၀၇,၂၄၉.၉၁၄ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှုကျပ် ၁,၄၉၈,၆၆၂.၆၀၈ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၈၂.၉၃ ဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် ပထမ(၃)လပတ်လျာထားချက် ကျပ် ၁,၆၉၂,၅၁၇.၈၇၈ သန်းဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှု ကျပ် ၁,၄၃၅,၈၁၇.၇၅၈ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၈၄.၈၃ ဖြစ်ပါသည်။ သာမန်ရငွေ၊ သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေများကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **သာမန်ရငွေပိုမိုရရှိမှု။** **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊** ပြည်တွင်းရေကြောင်းပို့ဆောင်ရေးတွင် ဌာနပိုင်မြေနှင့် အဆောက်အဦငှားရမ်းခြင်းတို့မှ ကြိုတင်ငွေများရရှိခြင်း၊ မြန်မာ့မီးရထားတွင် လူစီးဝင်ငွေနှင့် ကုန်ဝင်ငွေများ ပိုမိုရရှိခြင်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင် ရတနာပုံတယ်လီပို့မှ နှစ်ဟောင်းကြွေးကျန်ရရှိခြင်းကြောင့်ပိုမိုရရှိခြင်း၊ **(ယခင်) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊** နိုင်ငံပိုင်ဘဏ်များတွင် အစိုးရငွေတိုက်လက်မှတ်နှင့် ငွေတိုက်စာချုပ်များ ပိုမိုဝယ်ယူနိုင်ခဲ့၍ အတိုးရငွေများပိုမိုရရှိခြင်း၊ ရင်းနှီးမြှုပ်နှံမှုအပေါ်မှ အတိုးရငွေများ မူလခန့်မှန်းသည်ထက် ပိုမိုရရှိခြင်း၊ မြန်မာ့အာမခံလုပ်ငန်းတွင် အာမခံလုပ်ငန်းအမျိုးမျိုးမှဝင်ငွေများပိုမိုရရှိခြင်း။

(၂) **သာမန်ရငွေလျော့နည်းရရှိမှု။** **ပြန်ကြားရေးဝန်ကြီးဌာန၊** သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင် သတင်းစာရောင်းရငွေနှင့် ကြော်ငြာခဝင်ငွေများလျော့နည်းရရှိခြင်း။ **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊** အမှတ်(၁) သတ္တုတွင်းလုပ်ငန်းတွင် ဖက်စပ်လုပ်ငန်းများမှ အကျိုးတူဝေစုရငွေလျော့နည်းခြင်း၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းတွင် ရွှေ(၁၆၀)ပိဿာရောင်းချရန် လျာထားသော်လည်း (၆၀)ပိဿာကိုသာရောင်းချနိုင်ခဲ့ခြင်း၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းတွင် နှစ်လယ်ရတနာပြပွဲမှရရှိသည့် ဝန်ဆောင်ခနှင့် အကျိုးတူကျောက်ရောင်းရငွေများ လျော့နည်းရရှိခြင်း၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေး

လုပ်ငန်းတွင် Myanmar Pearl Auction (December-2019)မှ ပုလဲရောင်းရငွေများ အပြည့်အဝမရရှိသေးခြင်းတို့ကြောင့် လျော့နည်းခြင်း၊ **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၏ လုပ်ငန်းသဘာဝအရ ပထမ (၃)ပတ်တွင် ၉/၂၀၁၉၊ ၁၀/၂၀၁၉ နှင့် ၁၁/၂၀၁၉ အတွက် ဓာတ်အားရောင်းချရငွေများ ရရှိမည်ဖြစ်သော်လည်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် မန္တလေး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတို့မှ ၉/၂၀၁၉ လအတွက် ဓာတ်အား ဝယ်စရိတ်များကို ကြိုတင်ငွေပေးချေခဲ့ခြင်းကြောင့်လျော့နည်းခြင်း၊ လျှပ်စစ် ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းတွင် နှုန်းထားနိမ့်သော အိမ်သုံးနှုန်းထားအမျိုး အစားကိုသာ ပိုမိုရောင်းချရပြီး နှုန်းထားမြင့်သော စက်ရုံသုံးများလျော့နည်း၍ လျာထားချက်အတိုင်းမရရှိခဲ့ခြင်း၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းတွင် ကမ်းလွန်သဘာဝဓာတ်ငွေ့နှင့် လေဆီများအားရောင်းချရာ၌ စက်ရုံ/အလုပ်ရုံ များမှ အပြည့်အဝငွေပေးချေမှုမရှိသေးခြင်း၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေး လုပ်ငန်းတွင် ပုဂ္ဂလိကအရောင်းဆိုင်များအတွက် လိုင်စင်ကြေးများ၊ သက်တမ်း တိုးကြေးများ၊ လိုင်စင်ဒဏ်ကြေးရငွေနှင့် သိုလှောင်ကန်ငှားရမ်းခရငွေများ လျော့နည်းရရှိခြင်း၊ **(ယခင်) စက်မှုဝန်ကြီးဌာန**၊ အမှတ်(၃)အကြီးစားစက်မှု လုပ်ငန်းနှင့် မြန်မာ့ဆေးဝါးလုပ်ငန်းတို့တွင် အမှာစာရရှိသည့် ထုတ်ကုန်များကိုသာ ထုတ်လုပ်ရောင်းချရခြင်း၊ ယခင်နှစ်ကုန်ချောလက်ကျန်များ ရောင်းချရာတွင် လက်ငင်းရောင်းချမှု လျော့နည်းခြင်းတို့ကြောင့် ရငွေလျော့နည်းခြင်း။

(၄) **သာမန်သုံးငွေလျော့နည်းသုံးစွဲမှု။** ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းတွင် ကုန်ကြမ်းပစ္စည်းများဝယ်ယူရန် တင်ဒါခေါ်ယူနေဆဲ ဖြစ်ခြင်းနှင့် ပင်စင်စားများလာရောက်မထုတ်ယူသေးခြင်းကြောင့် လျော့နည်းခြင်း၊ **ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**၊ မြန်မာ့မီးရထားတွင် ကုန်ကြမ်း ပစ္စည်းများ ဝယ်ယူရန်တင်ဒါခေါ်ဆဲဖြစ်ခြင်း၊ ကုန်းလမ်းပို့ဆောင်ရေးတွင် ပင်စင် လစာထုတ်ယူသူဦးရေနည်းပါးခြင်း၊ မြန်မာ့စာတိုက်လုပ်ငန်းတွင် တံဆိပ်ခေါင်း ဝယ်ယူခြင်းအတွက် ငွေပေးချေနိုင်မှုမရှိသေးခြင်း၊ ပြည်ပနိုင်ငံများသို့စာပို့ခများ ပေးချေရန်နိုင်ငံခြားငွေသုံးစွဲခွင့် ခွင့်ပြုချက်များမရရှိသေးခြင်း၊ **လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာန**၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းတွင် ကမ်းလွန်၊ ကုန်းတွင်း

သဘာဝဓာတ်ငွေ့ဖိုး၊ ကျောက်မီးသွေးဖိုးများနှင့် ဓာတ်အားဝယ်စရိတ်အချို့ကို မပေးချေရသေးခြင်း၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းတွင် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ချောဆီများ၊ ကိုင်တွယ်ခနှင့်သယ်ယူခစရိတ်များ ပြင်ဆင်ထိန်းသိမ်းစရိတ်တို့အတွက် လုပ်ငန်းခန့်မှန်းခြေစာရင်းများ စိစစ်နေ၍ငွေပေးချေနိုင်မှုမရှိသေးခြင်း၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းသည် ရေနံရှာဖွေတူးဖော်ထုတ်လုပ်သည့်လုပ်ငန်းများ လျာထားချက်အတိုင်း မဆောင်ရွက်နိုင်ခြင်း၊ တွင်းတူးစရိတ်နှင့် 3D Seismic Survey လုပ်ငန်းများအတွက် ငွေမပေးချေရသေးခြင်း၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းတွင် ရေနံစိမ်းနှင့်သဘာဝဓာတ်ငွေ့များ ဝယ်ယူမှုအတွက် ငွေတောင်းခံလွှာမရရှိသေးခြင်း၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် အထူးကုန်စည်ခွန်များအား ဒုတိယ(၃) လပတ်ရောက်ရှိမှသာ ပေးချေရမည်ဖြစ်ခြင်း၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းတွင် Operation ပိုင်းအရ လိုအပ်သည့်လုပ်ငန်းများကိုသာ စိစစ်ရွေးချယ်ခဲ့ခြင်းကြောင့်လျော့နည်းခြင်း၊ **(ယခင်) စက်မှုဝန်ကြီးဌာန**၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းနှင့် မြန်မာ့ဆေးဝါးလုပ်ငန်းတို့တွင် ကုန်ထုတ်လုပ်မှုအတွက် ကုန်ကြမ်းများဝယ်ယူရန် စိစစ်ဆောင်ရွက်ဆဲနှင့် တင်ဒါခေါ်ယူရန် ဆောင်ရွက်ဆဲဖြစ်ခြင်းတို့ကြောင့် သုံးစွဲမှုလျော့နည်းခြင်း။

(ခ) **ငွေလုံးငွေရင်းရငွေ၊သုံးငွေ။** နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ငွေလုံးငွေရင်းရငွေပိုင်းတွင် ပထမ(၃)လပတ် လျာထားချက် ကျပ် ၃,၃၁၃.၆၃၀ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၂,၇၇၆.၀၅၆ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၈၃.၇၈ ဖြစ်ပါသည်။ ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် ပထမ(၃)လပတ် လျာထားချက် ကျပ် ၂၅၉,၃၂၆.၇၉၆ သန်းဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှု ကျပ် ၇၈,၉၃၄.၉၅၆ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၃၀.၄၄ ဖြစ်ပါသည်။ငွေလုံးငွေရင်းရငွေ၊သုံးငွေနှင့် ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **ငွေလုံးငွေရင်းရငွေပိုမိုရရှိမှု။** **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**၊ အမှတ်(၁)သတ္တုလုပ်ငန်းတွင် ရငွေလျာထားချက်မရှိသော်လည်း နမ္မတူဘော်တွင်းမှ ဝန်ထမ်းလိုင်းအမှတ်(၃)၊ (၁၈၉)နှင့် (၈၁၁)တို့၏ ဆယ်တင်ပစ္စည်းတန်ဖိုးငွေများရရှိခြင်း၊ **(ယခင်) စက်မှုဝန်ကြီးဌာန**တွင် ရငွေလျာထားချက်မရှိသော်လည်း အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်

ရွက်ခဲ့သော မြန်မာဖရစ်ဝါနာစက်မှုလုပ်ငန်းမှ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း အတွက် အစုရှယ်ယာခွဲဝေပေးခြင်းမှရရှိခြင်းနှင့် အမှတ်(၂)အကြီးစားစက်မှု လုပ်ငန်းတွင် 66 kVA ဓာတ်အားလိုင်းသွယ်တန်းရန် ကော့ကရိတ်ရာဘာခြံမှ ရာဘာပင်ခုတ်လှဲခြင်းအတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ပထမအကြိမ် လျော်ကြေးငွေရရှိခဲ့ခြင်း။

(၂) **ငွေလုံးငွေရင်းရငွေလျော့နည်းရရှိမှု။** **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊** မြန်မာ့မီးရထားတွင် ဂျပန်နိုင်ငံအကူအညီဖြင့် JICS (Japan International Cooperation System) မှ စက်ပစ္စည်းဝယ်ယူခြင်းအတွက် Agent Fee နှင့် Consultant Fee တို့အား ပထမ(၃)လပတ်အတွင်း တောင်းခံမှုမရှိခြင်းကြောင့် လျော့နည်းခြင်း၊ **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊** လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး လုပ်ငန်းတွင် မြန်အောင် 23 MW Gas Engine ဓာတ်အားပေးစက်ရုံစီမံကိန်း အတွက် ပစ္စည်းများအချိန်မီမရောက်ရှိ၍ ငွေပေးချေနိုင်မှုမရှိခြင်းကြောင့် လျော့နည်းရရှိခြင်း။

(၃) **ငွေလုံးငွေရင်းသုံးငွေပိုမိုသုံးစွဲမှု။** **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးဝန်ကြီးဌာန၊** မြန်မာ့သစ်လုပ်ငန်းတွင် မုံရွာဖောင်ဖွဲ့ရေးနှင့် နေပြည်တော် သစ်ထုတ်လုပ်ရေးဒေသများတွင် လျှပ်စစ်မီးသွယ်တန်းခြင်း လုပ်ငန်းများကို ပထမ(၃)လပတ်တွင် လျာထားခြင်းမရှိသော်လည်း ဆောလျင်စွာဆောင်ရွက်ခဲ့ ရခြင်း၊ တတိယ(၃)လပတ်မှသုံးစွဲရန် လျာထားခဲ့သော စိုက်ခင်းကေ(၁၅၀) အတွက် ကြိုတင်မြေပြုပြင်ခြင်း၊ ကျင်းတူးခြင်းများဆောင်ရွက်ခဲ့ခြင်းတို့ကြောင့် ပိုမိုသုံးစွဲခဲ့ခြင်း။

(၄) **ငွေလုံးငွေရင်းသုံးငွေလျော့နည်းသုံးစွဲမှု။** **ပြန်ကြားရေးဝန်ကြီးဌာန၊** သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းတွင် ရုံးသုံးစက်ကိရိယာများဝယ်ယူရန် တင်ဒါခေါ်ယူဆောင် ရွက်ဆဲဖြစ်ခြင်းကြောင့် လျော့နည်းခြင်း၊ **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီး ဌာန၊** ပြည်တွင်းရေကြောင်းပို့ဆောင်ရေးတွင် ဆောက်လုပ်ရေးနှင့်ဝယ်ယူရေးလုပ်ငန်း အတွက် တင်ဒါခေါ်ယူပြီးသော်လည်း ပစ္စည်းများမရရှိသေးပါသဖြင့် ငွေပေးချေ နိုင်မှုမရှိသေးခြင်း၊ မြန်မာ့မီးရထားတွင် လုပ်ငန်းအချို့မှာတင်ဒါခေါ်ယူဆဲဖြစ်ခြင်း၊ ပြည်ပချေးယူရငွေဖြင့်ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများအတွက် စာချုပ်ချုပ်

ဆိုရန်ညှိနှိုင်းဆောင်ရွက်ဆဲဖြစ်ခြင်း၊ ပစ္စည်းများအတွက် ငွေပေးချေရန်ဆောင်ရွက်ဆဲဖြစ်ခြင်း၊ ကုန်းလမ်းပို့ဆောင်ရေးတွင် ပစ္စည်းဝယ်ယူရေးလုပ်ငန်းအတွက် တင်ဒါခေါ်ယူစိစစ်ဆဲဖြစ်ခြင်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင် JICA ODA Loan ဖြင့်ဆောင်ရွက်သော ဆက်သွယ်ရေးကွန်ယက်များ အဆင့်မြှင့်တင်မှုစီမံကိန်းအတွက် တင်ဒါအောင်မြင်သည့် Sojitz Corporation နှင့် စာချုပ်ချုပ်ဆိုပြီး ၁၀% Advance payment ပေးချေရာတွင် contract တန်ဖိုးမှ Provisional Sum ကိုချန်လှပ်၍ပေးချေခဲ့ခြင်း၊ SEA-ME-WE 3 စီမံကိန်းအတွက် IDL (International Dimensions Limited) မှ ဘဏ်အာမခံစိုက်ထုတ်ပေးသွင်းငွေအား ပထမ(၃)လပတ်တွင် တောင်းခံမှုမရှိခြင်း၊ လိုင်းနှုန်းစဉ်ကြေးပေးချေရာတွင် နိုင်ငံခြားငွေလဲလှယ်နှုန်း လျော့နည်းခြင်း၊ မြန်မာ့စာတိုက်လုပ်ငန်းတွင် ပစ္စည်းဝယ်ယူရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် တင်ဒါခေါ်ယူစိစစ်ဆဲ ဖြစ်ခြင်းတို့ကြောင့်လျော့နည်းခြင်း၊ **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**တွင် နိုင်ငံခြားမှမှာယူထားသော ပစ္စည်းများမရောက်ရှိသေးခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများတွင် လုပ်ငန်းစတင်မဆောင်ရွက်နိုင်သေးခြင်း၊ World Bank ချေးငွေဖြင့်ဆောင်ရွက်မည့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းတွင်ပါဝင်သည့် Steel Parts ဝယ်ယူခြင်းလုပ်ငန်းတွင် Guangdong ကုမ္ပဏီမှပစ္စည်းများ ပေးသွင်းလာခြင်းမရှိ၍ တင်ဒါပြန်လည်ခေါ်ယူရခြင်း၊ ပစ္စည်းရောက်ရှိမှု နောက်ကျသဖြင့် နောက်ကျကြေးများအား စာချုပ်စည်းကမ်းအရ ခုနှိမ်ပေးချေခြင်း၊ World Bank လုပ်ထုံးလုပ်နည်းနှင့်အညီ Document များအသေးစိတ်ပြုစုနေရခြင်း၊ World Bank ချေးငွေဖြင့် ဆောင်ရွက်မည့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း (NEP Phase II)၊ JICA MY-P17၊ JICA MY-P20 နှင့် KfW ချေးငွေများဖြင့် ဆောင်ရွက်မည့် ဓာတ်အားလိုင်းနှင့်ခွဲရုံပစ္စည်းများမှာ တင်ဒါစိစစ်ဆဲနှင့် စာချုပ်ချုပ်ဆိုရန် ပြင်ဆင်ဆဲဖြစ်ခြင်းတို့ကြောင့်လျော့နည်းခြင်း၊ **(ယခင်) စက်မှုဝန်ကြီးဌာန**၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းတွင် Interest & Commitment Fee For Integrated Steel Complex (Phase-2A) နှင့် (Phase-3) အတွက် ငွေပေးချေရာတွင် နိုင်ငံခြားငွေလဲလှယ်နှုန်းပြောင်းလဲခြင်း၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်းတွင် ဆောက်

လုပ်ရေးလုပ်ငန်းများအတွက် တင်ဒါကော်မတီသို့ တင်ပြထားဆဲဖြစ်ခြင်း၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းတွင် ရုံးသုံးပစ္စည်းဝယ်ယူရန် တင်ဒါခေါ်ယူစိစစ်ဆောင်ရွက်ဆဲဖြစ်ခြင်းနှင့် စက်မှုနယ်မြေ(သထုံ)တွင် လျှပ်စစ်ဓာတ်အားရယူသုံးစွဲရေးအတွက် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းသို့လုပ်ငန်းအပ်နှံရန် ဆောင်ရွက်ဆဲဖြစ်ခြင်းတို့ကြောင့် လျော့နည်းရခြင်း၊ **(ယခင်) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတွင်** ရုံးသုံးစက်ကိရိယာများ၊ ရုံးသုံးပရိဘောဂများ၊ အခြားရုံးသုံးပစ္စည်းများနှင့် နိုင်ငံခြားမှဝယ်ယူရမည့် စက်ပစ္စည်းများဝယ်ယူရန်အတွက် တင်ဒါခေါ်ယူဆောင်ရွက်နေဆဲဖြစ်ခြင်းနှင့် ဈေးနှုန်းစိစစ်ရေးအဖွဲ့များဖွဲ့၍ ဆောင်ရွက်နေဆဲဖြစ်ခြင်း တို့ကြောင့်လျော့နည်းခြင်း။

(ဂ) **ကြွေးမြီရငွေ၊သုံးငွေ။** နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ကြွေးမြီရငွေပိုင်းတွင် ပထမ(၃)လပတ် လျာထားချက် ကျပ် ၂၆၂,၉၇၀.၀၇၉ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၁၅,၉၁၃.၄၉၉ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၄၄.၀၈ ဖြစ်ပါသည်။ ကြွေးမြီအသုံးစရိတ်ပိုင်းတွင် ပထမ(၃)လပတ် လျာထားချက် ကျပ် ၇၁,၁၀၄.၅၃၂ သန်းဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၀၇,၇၇၉.၃၄၆ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၁၅၁.၇၇ ဖြစ်ပါသည်။ ကြွေးမြီရငွေ၊ သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်းတွေ့ရှိရပါသည်-

(၁) **ကြွေးမြီရငွေလျော့နည်းရရှိမှု။** **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊** မြန်မာ့မီးရထားတွင် ပြည်ပချေးယူရငွေဖြင့် ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများအတွက် စာချုပ်ချုပ်ဆိုရန်ဆောင်ရွက်ဆဲဖြစ်ခြင်း၊ အချို့ပစ္စည်းများအတွက်ငွေပေးချေရန်ဆောင်ရွက်ဆဲဖြစ်ခြင်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင် JICA ODA Loan ဖြင့် ဆောင်ရွက်သော ဆက်သွယ်ရေးကွန်ယက်များ အဆင့်မြှင့်တင်မှုစီမံကိန်းအတွက် တင်ဒါအောင်မြင်သည့် Sojitz Corporation နှင့် စာချုပ်ချုပ်ဆိုပြီး ၁၀% Advance payment ပေးချေရာတွင် contract တန်ဘိုးမှ Provisional Sum ကိုချန်လှပ်၍ပေးချေခြင်းနှင့် Consultant Fee အား(၂)လစာအတွက်သာ ပေးချေနိုင်ခြင်းတို့ကြောင့် လျော့နည်းခြင်း၊ **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင်** အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းတွင် ပါဝင်သည့် Steel Parts ဝယ်ယူခြင်းလုပ်ငန်းတွင် Guangdong ကုမ္ပဏီမှပစ္စည်းများ ပေး

သွင်းလာခြင်းမရှိ၍ တင်ဒါပြန်လည်ခေါ်ယူရခြင်း၊ ပစ္စည်းရောက်ရှိမှုနောက်ကျသဖြင့် နောက်ကျကြေးများအား စာချုပ်စည်းကမ်းအရ ခုနှိမ်ပေးချေခြင်း၊ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း (NEP Phase II) အတွက် ဓာတ်အားလိုင်းနှင့်ခွဲရုံပစ္စည်းများမှာ တင်ဒါစိစစ်ဆဲနှင့် စာချုပ်ချုပ်ဆိုရန် ပြင်ဆင်ဆဲဖြစ်ခြင်း၊ JICA MY-P17၊ JICA MY-P20 နှင့် KfW ချေးငွေလုပ်ငန်းများမှာ တင်ဒါစိစစ်ပြီး စာချုပ်ချုပ်ဆိုရန် ပြင်ဆင်ဆဲဖြစ်ခြင်းနှင့် ခွဲရုံနှင့်လိုင်းပစ္စည်းများမှာ အရည်အသွေးစိစစ်ဆဲဖြစ်ခြင်း၊ ADB ချေးငွေမှာ Consultant အတွက် တင်ဒါစိစစ်ဆောင်ရွက်နေဆဲဖြစ်ခြင်းနှင့် စာချုပ်ချုပ်ဆိုရန် ပြင်ဆင်ဆဲဖြစ်ခြင်းတို့ကြောင့်လျော့နည်းခြင်း။

(၂) **ကြွေးမြီသုံးငွေပိုမိုသုံးစွဲမှု။** **ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊** မြန်မာ့မီးရထားတွင် ဒုတိယသုံးလပတ်အတွင်း ပေးချေရန်လျာထားသော တရုတ်ချေးငွေအတွက် ပထမ(၃)လပတ်တွင် အရင်းပေးဆပ်ခဲ့ရသောကြောင့်ပိုမိုခြင်း၊ **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင်** ရဲရွာဓာတ်အားပေးစက်ရုံစီမံကိန်းအတွက် အရင်းပေးဆပ် ရာတွင် ဒုတိယ(၃)လပတ်မှ ပေးချေရန်လျာထားခဲ့သော်လည်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အကြောင်းကြားချက်အရ ပထမ(၃)လပတ်တွင် ပေးချေခဲ့ရခြင်းနှင့် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းသည် CDB Loan (RMB) အတွက် အရင်းပေးဆပ်ချိန်တွင် နိုင်ငံခြားငွေလဲလှယ်နှုန်း မြင့်တက်ခဲ့ခြင်းတို့ကြောင့်ပိုမိုခြင်း၊ **(ယခင်) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊** မြန်မာ့စီးပွားရေးဘဏ်တွင် JICA ချေးငွေအား PFIs (Project Financial Institutions) ဘဏ်များသို့ ထုတ်ချေးရာတွင် ချေးငွေစိစစ်မှုမြန်ဆန်ခဲ့၍ ပိုမိုထုတ်ချေးနိုင်ခဲ့ခြင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် တောင်သူလယ်သမားများမှ ချေးငွေအဆိုပြုလွှာများပိုမိုလာ၍ အမှန်ထုတ်ချေးငွေ များပြားလာခြင်းတို့ကြောင့်ပိုမိုခြင်း။

(၂) **ကြွေးမြီသုံးငွေလျော့နည်းသုံးစွဲမှု။** **(ယခင်)စက်မှုဝန်ကြီးဌာန၊** အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်းနှင့် မြန်မာ့ဆေးဝါးလုပ်ငန်းတို့တွင် ပြည်ပသို့အရင်းပေးဆပ်ရာ၌ နိုင်ငံခြားငွေလဲလှယ်နှုန်းပြောင်းလဲမှုကြောင့် လျော့နည်းခြင်း။

၂။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ပထမ(၃)လပတ် လျာထားချက်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့်ပတ်သက်၍ တွေ့ရှိသုံးသပ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ရငွေပိုင်းတွင် သာမန်ရငွေရရှိမှု ၈၂.၉၃ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းရငွေရရှိမှု ၈၃.၇၈ ရာခိုင်နှုန်း၊ ကြွေးမြီရငွေရရှိမှု ၄၄.၀၈ ရာခိုင်နှုန်းဖြစ်သဖြင့် စုစုပေါင်းရငွေရရှိမှု ၇၈.၀၀ ရာခိုင်နှုန်းဖြစ်ပါသည်။ သာမန်ရငွေနှင့် ငွေလုံးငွေရင်းရငွေပိုင်းတို့တွင် နီးစပ်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သော်လည်း ကြွေးမြီရငွေပိုင်းတွင် အနီးစပ်ဆုံးလျာထားရန် လိုအပ်ကြောင်း တွေ့ရှိရပါသည်။

(ခ) သုံးငွေပိုင်းတွင် သာမန်အသုံးစရိတ် ၈၄.၈၃ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းအသုံးစရိတ် ၃၀.၄၄ ရာခိုင်နှုန်း၊ ကြွေးမြီအသုံးစရိတ် ၁၅၁.၇၇ ရာခိုင်နှုန်းဖြစ်သဖြင့် စုစုပေါင်းအသုံးစရိတ် ၈၀.၂၁ ရာခိုင်နှုန်းဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် နီးစပ်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သော်လည်း ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် လျာထားချက်ပြည့်မီရန် အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့် ကြွေးမြီအသုံးစရိတ်ပိုင်းတွင် လျာထားချက်ထက်ကျော်လွန်ကြောင်း တွေ့ရှိရပါသည်။

၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃)လပတ် (အောက်တိုဘာလမှ ဒီဇင်ဘာလအထိ)

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊သုံးငွေစာရင်း

(စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ ပထမ (၃) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ ပထမ (၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ (၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၉၅,၆၃၈.၃၄၅ | ၉၄,၈၅၆.၂၇၇ | +၇၈၂.၁၀၈ | ၈၆,၉၁၅.၈၆၂ | ၇၇,၉၂၄.၉၅၆ | +၈,၉၉၀.၉၀၆ | ၉၀.၈၈% | ၈၂.၁၅% |
| | ၂ | လျှပ်စစ်နှင့်စွမ်းအင် | ၄၅၄,၂၃၈.၇၉၅ | ၃၈၆,၃၅၄.၅၃၅ | +၆၇,၈၆၄.၂၆၀ | ၄၀၀,၅၉၇.၅၀၁ | ၃၆၁,၆၆၃.၈၄၇ | +၃၈,၉၃၃.၆၅၄ | ၈၈.၁၉% | ၉၃.၆၀% |
| | | ၁။ ရန်ကုန်လျှပ်စစ်ဓါတ်အားပေးရေး ကော်ပိုရေးရှင်း | ၃၁၈,၃၈၈.၇၉၅ | ၂၉၉,၈၇၁.၃၂၅ | +၁၈,၅၁၇.၄၇၀ | ၂၈၂,၆၈၃.၇၉၂ | ၂၈၄,၃၆၆.၉၆၃ | -၁,၆၈၃.၁၇၁ | ၈၈.၇၉% | ၉၄.၈၃% |
| | | ၂။ မန္တလေးလျှပ်စစ်ဓါတ်အားပေးရေး ကော်ပိုရေးရှင်း | ၁၃၅,၈၅၀.၀၀၀ | ၈၆,၅၀၃.၂၅၀ | +၄၉,၃၄၆.၇၅၀ | ၁၁၇,၉၁၃.၇၀၉ | ၇၇,၂၉၆.၈၈၄ | +၄၀,၆၁၆.၈၂၅ | ၈၆.၈၀% | ၈၉.၃၆% |
| | | စုစုပေါင်း | ၅၄၉,၈၇၇.၁၄၀ | ၄၈၁,၂၁၀.၈၁၂ | +၆၈,၆၄၆.၃၂၈ | ၄၈၇,၅၁၃.၃၆၃ | ၄၃၉,၅၈၈.၈၀၃ | +၄၇,၉၂၄.၅၆၀ | ၈၈.၆၆% | ၉၁.၃၅% |

၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃)လပတ် (အောက်တိုဘာလမှ ဒီဇင်ဘာလအထိ)

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊သုံးငွေစာရင်း

(သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ ပထမ (၃) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ ပထမ (၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ (၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| ၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၆၆,၈၅၅.၂၄၅ | ၆၂,၆၁၅.၆၂၂ | +၄,၂၉၉.၆၂၃ | ၈၃,၃၃၈.၄၁၇ | ၆၆,၇၅၈.၆၆၂ | +၁၆,၇၇၉.၇၅၅ | ၁၂၄.၆၆% | ၁၀၆.၆၂% |
| ၂ | လျှပ်စစ်နှင့်စွမ်းအင် | ၄၅၂,၄၄၃.၄၄၅ | ၃၈၃,၅၉၈.၃၈၆ | +၆၈,၈၄၅.၀၅၉ | ၃၉၉,၂၃၃.၆၉၃ | ၃၅၉,၅၆၆.၇၆၀ | +၃၉,၇၀၆.၉၃၂ | ၈၈.၂၅% | ၉၃.၇၄% |
| | ၁။ ရန်ကုန်လျှပ်စစ်ဓါတ်အားပေးရေး ကော်ပိုရေးရှင်း | ၃၁၆,၅၉၃.၄၄၅ | ၂၉၇,၂၉၂.၂၅၀ | +၁၉,၃၀၁.၁၉၅ | ၂၈၂,၆၆၃.၂၈၈ | ၂၈၃,၇၇၀.၂၉၄ | -၁,၁၀၇.၀၀၆ | ၈၉.၂၈% | ၉၅.၄၅% |
| | ၂။ မန္တလေးလျှပ်စစ်ဓါတ်အားပေးရေး ကော်ပိုရေးရှင်း | ၁၃၅,၈၅၀.၀၀၀ | ၈၆,၃၀၆.၁၃၆ | +၄၉,၅၄၃.၈၆၄ | ၁၁၆,၆၁၀.၄၀၅ | ၇၅,၇၉၆.၄၆၇ | +၄၀,၈၁၃.၉၃၈ | ၈၅.၈၄% | ၈၇.၈၂% |
| | စုစုပေါင်း | ၅၁၉,၂၉၈.၆၉၀ | ၄၄၆,၂၁၄.၀၀၈ | +၇၃,၀၈၄.၆၈၂ | ၄၈၂,၆၀၂.၁၁၀ | ၄၂၆,၃၂၅.၄၂၃ | +၅၆,၂၈၆.၆၈၇ | ၉၂.၉၄% | ၉၅.၅၄% |

၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃)လပတ် (အောက်တိုဘာလမှ ဒီဇင်ဘာလအထိ)

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊သုံးငွေစာရင်း

(ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ ပထမ (၃) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ ပထမ (၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ (၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၁,၃၅၄.၅၀၀ | ၅,၆၀၄.၅၂၀ | -၄,၂၅၀.၀၂၀ | | ၇,၃၂၀.၇၃၀ | -၇,၃၂၀.၇၃၀ | | ၁၃၀.၆၂% |
| | ၂ | လျှပ်စစ်နှင့်စွမ်းအင် | | ၂,၇၇၆.၁၈၉ | -၂,၇၇၆.၁၈၉ | | ၂,၀၉၇.၀၈၆ | -၂,၀၉၇.၀၈၆ | | ၇၅.၅၄% |
| | | ၁။ ရန်ကုန်လျှပ်စစ်ဓါတ်အားပေးရေး ကော်ပိုရေးရှင်း | | ၂,၅၇၉.၀၇၅ | -၂,၅၇၉.၀၇၅ | | ၅၉၆.၆၆၉ | -၅၉၆.၆၆၉ | | ၂၃.၁၃% |
| | | ၂။ မန္တလေးလျှပ်စစ်ဓါတ်အားပေးရေး ကော်ပိုရေးရှင်း | | ၁၉၇.၁၁၄ | -၁၉၇.၁၁၄ | | ၁,၅၀၀.၄၁၇ | -၁,၅၀၀.၄၁၇ | | ၇၆၁.၁၉% |
| | | စုစုပေါင်း | ၁,၃၅၄.၅၀၀ | ၈,၃၈၀.၇၀၉ | -၇,၀၂၆.၂၀၉ | | ၉,၄၁၇.၈၁၆ | - ၉,၄၁၇.၈၁၆ | | ၁၁၂.၃၇% |

၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃)လပတ် (အောက်တိုဘာလမှ ဒီဇင်ဘာလအထိ)

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေသုံးငွေစာရင်း

(ကြေးမြီစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ ပထမ (၃) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ ပထမ (၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ (၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၄ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၂၇,၄၂၈.၆၀၀ | ၂၆,၆၃၆.၀၉၅ | +၇၉၂.၅၀၅ | ၃,၅၇၆.၄၄၅ | ၃,၈၄၅.၅၆၄ | -၂၆၉.၁၁၉ | ၁၃.၀၄% | ၁၄.၄၄% |
| | ၂ | လျှပ်စစ်နှင့်စွမ်းအင် | ၁,၇၉၅.၃၅၀ | | +၁,၇၉၅.၃၅၀ | ၁,၃၂၃.၈၀၈ | | +၁၃၂၃.၈၀၈ | ၇၃.၇၄% | |
| | | ၁။ ရန်ကုန်လျှပ်စစ်ဓါတ်အားပေးရေး ကော်ပိုရေးရှင်း | ၁,၇၉၅.၃၅၀ | | +၁,၇၉၅.၃၅၀ | ၂၀.၅၀၄ | | +၂၀.၅၀၄ | ၁.၁၄% | |
| | | ၂။ မန္တလေးလျှပ်စစ်ဓါတ်အားပေးရေး ကော်ပိုရေးရှင်း | | | | ၁၃၀၃.၃၀၄ | | +၁,၃၀၃.၃၀၄ | | |
| | | စုစုပေါင်း | ၂၉,၂၂၃.၉၅၀ | ၂၆,၆၃၆.၀၉၅ | +၂,၅၈၇.၈၅၅ | ၄,၉၀၀.၂၅၃ | ၃,၈၄၅.၅၆၄ | +၁,၀၅၄.၆၈၉ | ၁၆.၇၇% | ၁၄.၄၄% |

# ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ၂၀၁၉ -၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်၊ ပထမ(၃)လပတ် လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ သာမန်ရငွေပိုင်းတွင် ပထမ(၃)လပတ် လျာထားချက် ကျပ် ၅၁၉,၂၉၈.၆၉၀သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၄၈၂,၆၁၂.၁၁၀ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၉၂.၉၄ ဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် ပထမ(၃)လပတ် လျာထားချက်ကျပ် ၄၄၆,၂၁၄.၁၀၈ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၄၂၆,၃၂၅.၄၂၃ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၉၅.၅၄ ဖြစ်ပါသည်။ သာမန်ရငွေ၊ သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေများမှာ အောက်ပါအတိုင်းတွေ့ရှိရပါသည်-

(၁) **သာမန်ရငွေပိုမိုရရှိခြင်း။** ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် ကုန်စည်အခွန်အခများ၊ ငှားရမ်းခများ၊ မီးပြတိုက်ဝင်ငွေများပိုမိုရရှိခြင်းနှင့် မြန်မာအမျိုးသားလေကြောင်းတွင် ATR 72 600 လေယာဉ် (၂)စီး ထပ်မံငှားရမ်း၍ ခရီးစဉ်များပိုမို ပြေးဆွဲနိုင်ခဲ့ခြင်းတို့ကြောင့်ပိုမိုရရှိခြင်း။

(၂) **သာမန်ရငွေလျော့နည်းရရှိခြင်း။** လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတွင် ရောင်းချရန်လျာထားသည့် ယူနစ်ထက်အမှန်ရောင်းချသည့်ယူနစ် လျော့နည်းခြင်း။

(၃) **သာမန်သုံးငွေပိုမိုသုံးစွဲခြင်း။** ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာအမျိုးသားလေကြောင်းတွင် လေယာဉ်(၂)စီးထပ်မံငှားရမ်းသုံးစွဲ၍ ခရီးစဉ်များပိုမိုပြေးဆွဲနိုင်ခဲ့ခြင်းကြောင့် ကုန်ကြမ်းဝယ်ယူခြင်းနှင့်ဆက်စပ်သော ထုတ်လုပ်မှုစရိတ်နှင့် ဓာတ်ဆီ၊ စက်ဆီတို့တွင် ပိုမိုသုံးစွဲခဲ့ရခြင်း၊ ပင်စင်အသုံးစရိတ်တွင် ခန့်မှန်းသည်ထက် လာရောက်ထုတ်ယူမှု များပြားခြင်းနှင့် ကုန်သွယ်လုပ်ငန်းခွန်တွင် ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ကြွေးကျန်များပေးသွင်းရခြင်းတို့ကြောင့်ပိုမိုခြင်း။

(ခ) **ငွေလုံးငွေရင်းရငွေ၊သုံးငွေ။** ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ငွေလုံးငွေရင်းရငွေပိုင်းတွင်

ပထမ(၃)လပတ်လျာထားချက် ကျပ် ၁,၃၅၄.၅၀၀ သန်းလျာထားသော်လည်း အကောင်အထည်ဖော်နိုင်ခြင်းမရှိပါ။ ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် ပထမ(၃) လပတ်လျာထားချက် ကျပ် ၈,၃၈၀.၇၀၉ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၉,၄၁၇.၈၁၆ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၁၁၂.၃၇ ဖြစ်ပါသည်။ ငွေလုံးငွေရင်း ရငွေ၊သုံးငွေနှင့် ပတ်သက်၍ ထူးခြားမှုအခြေအနေများမှာ အောက်ပါအတိုင်းတွေ့ရှိရပါသည်-

(၁) **ငွေလုံးငွေရင်းရငွေလျော့နည်းရရှိမှု။** ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် ပြည်ပအကူအညီရငွေအတွက် JICA ၏ စိစစ်မှု၊ စစ်ဆေးမှုများဆောင်ရွက်ဆဲဖြစ်သဖြင့် ငွေပေးချေမှုအဆင့် မရောက်ရှိသေးခြင်းကြောင့် ရရှိမှုမရှိခြင်း။

(၂) **ငွေလုံးငွေရင်းသုံးငွေပိုမိုသုံးစွဲခြင်း။** ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် ODA Loan ဖြင့်ဆောင်ရွက်သော တည်ဆောက်ရေးလုပ်ငန်းများအား လုပ်ငန်းပြီးစီးမှုအပိုင်းအလိုက် Payment များအား ပေးချေဆောင်ရွက်ခြင်းနှင့် သောင်တူးလုပ်ငန်းအား သတ်မှတ်ရေစူးပြည့်မီအောင် ဆောင်ရွက်ပြီးစီးမှုအပေါ်မူတည်၍ ပေးချေမှုပြုလုပ်ရခြင်းတို့ကြောင့် ပိုမိုခြင်း။

(၃) **ငွေလုံးငွေရင်းသုံးငွေလျော့နည်းသုံးစွဲမှု။** လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် ပစ္စည်းဝယ်ယူရေးစာချုပ်များချုပ်ဆိုရန် ဆောင်ရွက်နေဆဲဖြစ်ခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများအတွက် အသုံးစရိတ်များထုတ်ယူရန် စီမံခန့်ခွဲရေးကော်မတီနှင့်အမှုဆောင်ကော်မတီအစည်းအဝေးများ၏ ခွင့်ပြုမိန့်များရရှိအောင် ဆောင်ရွက်နေဆဲဖြစ်ခြင်းနှင့် ရုံးသုံးစက်ကိရိယာများနှင့် ရုံးသုံးပရိဘောဂများအား ဝယ်ယူရန် Technical Specification စိစစ်ဆဲဖြစ်ခြင်းတို့ကြောင့် လျော့နည်းခြင်း။

(ဂ) **ကြွေးမြီရငွေ၊သုံးငွေ။** ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ကြွေးမြီရငွေပိုင်းတွင် ပထမ(၃) လပတ်လျာထားချက် ကျပ် ၂၉,၂၂၃.၉၅၀ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၄,၉၀၁.၂၅၃ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၁၆.၇၇ ဖြစ်ပါသည်။ ကြွေးမြီအသုံးစရိတ်ပိုင်းတွင် ပထမ(၃)လပတ် လျာထားချက် ကျပ် ၂၆,၆၁၆.၀၉၅ သန်းဖြစ်ပြီး၊ အကောင်

အထည်ဖော်နိုင်မှု ကျပ် ၃,၈၄၅.၅၆၄ သန်း ဖြစ်သဖြင့်ရာခိုင်နှုန်း ၁၄.၄၄ ဖြစ် ပါသည်။ ကြွေးမြီရငွေ၊ သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်းတွေ့ရှိရပါသည်-

(၁) **ကြွေးမြီရငွေလျော့နည်းရရှိမှု။** ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာအမျိုးသားလေကြောင်းအနေဖြင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ချေးငွေအား ပထမ(၃)လပတ်အတွင်း ရရှိရန်လျာထားခဲ့သော်လည်း ဝန်ကြီးဌာန၏ ခွင့်ပြုမိန့် မရရှိသေးခြင်းကြောင့် လျော့နည်းခြင်းနှင့် **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**တွင် JICA ODA ချေးငွေဖြင့်ဆောင်ရွက်သည့် ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှု တိုးတက်ကောင်းမွန်ရေးစီမံကိန်း အဆင့်(၁) အတွက် အကြံပေးဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ရန် ငှားရမ်းထားသည့် Consultant များမှ တင်ပြလာသည့် ငွေတောင်းခံလွှာများကို စိစစ်ဆောင်ရွက်ဆဲဖြစ်ခြင်း၊ World Bank ချေးငွေဖြင့်ဆောင်ရွက်သည့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းအတွက် တပ်ဆင်တည်ဆောက်ခြင်းလုပ်ငန်းများတွင် Contractor များမှ ငွေတောင်းခံလွှာများ တင်ပြလာမှုမရှိသေးခြင်း၊ ပစ္စည်းများပေးသွင်းမှုအရ Invoice များကို ငွေပေးချေနိုင်ရန်စိစစ်ဆဲဖြစ်၍ ချေးငွေများ လျော့နည်းရရှိခြင်း။

(၂) **ကြွေးမြီသုံးငွေလျော့နည်းသုံးစွဲမှု။** ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေဖြင့် မြန်မာအမျိုးသားလေကြောင်းသို့ ထုတ်ချေးရာတွင် ဝန်ကြီးဌာနခွင့်ပြုမိန့်မရရှိသေးခြင်းကြောင့် လျော့နည်းခြင်း။

နောက်ဆက်တွဲ(၈)



၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃)လပတ် (အောက်တိုဘာလမှ ဒီဇင်ဘာလအထိ)

တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ ယာယီရငွေသုံးငွေစာရင်း

(စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ ပထမ (၃) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ ပထမ (၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ (၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | ၃၈၁.၁၄၉ | ၃၃၉.၈၃၄ | +၄၁.၃၁၅ | ၄၉၆.၂၃၃ | ၃၁၅.၅၇၃ | +၁၈၀.၆၆၀ | ၁၃၀.၂၀% | ၉၂.၈၆% |
| | စုစုပေါင်း | ၃၈၁.၁၄၉ | ၃၃၉.၈၃၄ | +၄၁.၃၁၅ | ၄၉၆.၂၃၃ | ၃၁၅.၅၇၃ | +၁၈၀.၆၆၀ | ၁၃၀.၂၀% | ၉၂.၈၆% |

၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃)လပတ် (အောက်တိုဘာလမှ ဒီဇင်ဘာလအထိ)

တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ ယာယီရငွေသုံးငွေစာရင်း

(သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ ပထမ (၃) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ ပထမ (၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ (၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | ၃၈၀.၁၄၉ | ၃၃၉.၈၃၄ | +၄၀.၃၁၅ | ၄၉၆.၂၃၇ | ၃၁၅.၅၇၇ | +၁၈၀.၆၆၀ | ၁၃၀.၂၀% | ၉၂.၈၆% |
| | စုစုပေါင်း | ၃၈၀.၁၄၉ | ၃၃၉.၈၃၄ | +၄၀.၃၁၅ | ၄၉၆.၂၃၇ | ၃၁၅.၅၇၇ | +၁၈၀.၆၆၀ | ၁၃၀.၂၀% | ၉၂.၈၆% |

## တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏
## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃)လပတ် လျာထားချက်အပေါ်
## အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ သာမန်ရငွေပိုင်းတွင် ပထမ(၃)လပတ် လျာထားချက် ကျပ် ၃၈၁.၁၄၉ သန်းဖြစ်ပြီး၊ အကောင်အထည် ဖော်နိုင်မှု ကျပ် ၄၉၆.၂၃၇ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၁၃၀.၂၀ ဖြစ်ပါသည်။ သာမန် အသုံးစရိတ်ပိုင်းတွင် ပထမ(၃)လပတ်လျာထားချက် ကျပ် ၃၃၉.၈၃၄ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၃၁၅.၅၇၇ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၉၂.၈၆ ဖြစ်ပါသည်။ သာမန်ရငွေ၊ သုံးငွေနှင့်ပတ်သက်၍ထူးခြားမှုအခြေအနေမှာ အောက်ပါ အတိုင်း တွေ့ရှိရပါသည်-

(၁) **သာမန်ရငွေပိုမိုရရှိမှု။** အမှိုက်ခွန်နှင့် ယာဉ်ရပ်နားခများ ပိုမိုရရှိခြင်း၊ တပ်နယ်များ၏နယ်နိမိတ်အတွင်းနှင့် တပ်နယ်ဈေးများအတွင်း သန့်ရှင်းရေးခွန်၊ ပစ္စည်းခွန်၊ ဆိုင်ခန်းငှားရမ်းခ၊ လိုင်စင်ခ၊ မြေငှားရမ်းခနှင့် အဆောက်အဦ ငှားရမ်းခများပေးသွင်းခြင်းတို့ကြောင့် ပိုမိုရခြင်း။

(၂) **သာမန်သုံးငွေလျော့နည်းသုံးစွဲမှု။** ကွန်ပျူတာများ၊ မိတ္တူကူးစက်များ Printer များ၊ မော်တော်ယာဉ်များ၊ မြက်ဖြတ်စက်များအား ပြင်ဆင်ထိန်းသိမ်းမှုနည်းပါး ခြင်းတို့ကြောင့် လျော့နည်းရခြင်း။

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃)လပတ် (အောက်တိုဘာလမှ ဒီဇင်ဘာလအထိ)

## နေပြည်တော်ကောင်စီ၏ ယာယီရငွေ၊သုံးငွေစာရင်း

## (စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ ပထမ (၃) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ ပထမ (၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ (၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | နေပြည်တော်ကောင်စီ | ၂၈.၂၅၄ | ၃၅.၃၅၄.၄၁၅ | -၃၅.၃၂၆.၁၆၁ | ၁၁၂.၀၆၃ | ၁၀,၁၁၇.၁၉၈ | -၁၀,၀၀၅.၁၃၅ | ၃၉၆.၆၃% | ၂၈.၆၂% |
| | စုစုပေါင်း | ၂၈.၂၅၄ | ၃၅.၃၅၄.၄၁၅ | -၃၅.၃၂၆.၁၆၁ | ၁၁၂.၀၆၃ | ၁၀,၁၁၇.၁၉၈ | -၁၀,၀၀၅.၁၃၅ | ၃၉၆.၆၃% | ၂၈.၆၂% |

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃)လပတ် (အောက်တိုဘာလမှ ဒီဇင်ဘာလအထိ)

## နေပြည်တော်ကောင်စီ၏ ယာယီရငွေ၊သုံးငွေစာရင်း

(သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ ပထမ (၃) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ ပထမ (၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ (၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | နေပြည်တော်ကောင်စီ | ၂၈.၂၅၄ | ၁၄၇.၄၄၆ | -၁၁၉.၁၉၂ | ၁၁၂.၀၆၃ | ၁၁၇.၁၉၈ | -၅.၁၃၅ | ၃၉၆.၆၃% | ၇၉.၄၉% |
| | စုစုပေါင်း | ၂၈.၂၅၄ | ၁၄၇.၄၄၆ | -၁၁၉.၁၉၂ | ၁၁၂.၀၆၃ | ၁၁၇.၁၉၈ | -၅.၁၃၅ | ၃၉၆.၆၃% | ၇၉.၄၉% |

၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃)လပတ် (အောက်တိုဘာလမှ ဒီဇင်ဘာလအထိ)

နေပြည်တော်ကောင်စီ၏ ယာယီရငွေ၊သုံးငွေစာရင်း

(ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ ပထမ (၃) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ ပထမ (၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ (၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | နေပြည်တော်ကောင်စီ | | ၃၅.၂၀၆.၉၆၉ | -၃၅.၂၀၆.၉၆၉ | | ၁၀,၀၀၀.၀၀၀ | -၁၀,၀၀၀.၀၀၀ | | ၂၈.၄၀% |
| | စုစုပေါင်း | | ၃၅.၂၀၆.၉၆၉ | -၃၅.၂၀၆.၉၆၉ | | ၁၀,၀၀၀.၀၀၀ | -၁၀,၀၀၀.၀၀၀ | | ၂၈.၄၀% |

## နေပြည်တော်ကောင်စီ၏
## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃)လပတ် လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** နေပြည်တော်ကောင်စီ၏သာမန်ရငွေပိုင်းတွင် ပထမ(၃)လပတ် လျာထားချက် ကျပ်၂၈.၂၅၄ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၁၂.၀၆၃ သန်း ဖြစ်သဖြင့်ရာခိုင်နှုန်း ၃၉၆.၆၃ ဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် ပထမ(၃)လပတ် လျာထားချက် ကျပ် ၁၄၇.၄၄၆ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၁၇. ၁၉၈သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၇၉.၄၉ ဖြစ်ပါသည်။ သာမန်ရငွေ၊ သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှု အခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **သာမန်ရငွေပိုမိုရရှိမှု။** တင်ဒါရောင်းချရငွေများ၊ လယ်ယာမြေဥပဒေအရ ဒဏ်ကြေးများရရှိခြင်းတို့ကြောင့် လျာထားချက်ထက် ပိုမိုရရှိခြင်း။

(၂) **သာမန်သုံးငွေလျော့နည်းသုံးစွဲမှု။** နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ နိုင်ငံခြားခရီးသွားရောက်မှုမရှိခြင်း၊ တံဆိပ်ခေါင်း၊ ကြေးနန်း၊ ဖုန်းနှင့် လျှပ်စစ်ဓါတ်အားခများ၊ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ၊ ပညာရေးနှင့် လူမှုရေးအသုံးစရိတ်များမှာ ခန့်မှန်းလျာထားစဉ်ကထက် လျော့နည်းခြင်းတို့ ကြောင့် လျာထားချက် ထက် လျော့နည်းရခြင်း။

(ခ) **ငွေလုံးငွေရင်းရငွေ၊သုံးငွေ။** နေပြည်တော်ကောင်စီ၏ ငွေလုံးငွေရင်းအသုံးစရိတ် ပိုင်းတွင် ပထမ(၃)လပတ် လျာထားချက် ကျပ် ၃၅,၂၀၆.၉၆၉ သန်း ဖြစ်ပြီး အကောင် အထည်ဖော်နိုင်မှု ကျပ် ၁၀,၀၀၀.၀၀၀ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၂၈.၄၀ ဖြစ်ပါသည်။ ငွေလုံးငွေရင်းသုံးငွေနှင့်ပတ်သက်၍ထူးခြားမှု အခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိ ရပါသည်-

(၁) **ငွေလုံးငွေရင်းသုံးငွေလျော့နည်းသုံးစွဲမှု။** ပထမ(၃)လပတ်အတွင်း ငွေလုံး ငွေရင်းလုပ်ငန်းများမှာ တင်ဒါခေါ်ယူဆဲဖြစ်ပြီး ကုန်ကျငွေများအား အနည်း ငယ်သာ ထုတ်ယူခြင်းကြောင့် လျာထားချက်ထက် လျော့နည်းရခြင်း။

၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃)လပတ် (အောက်တိုဘာလမှ ဒီဇင်ဘာလအထိ)

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ယာယီရငွေ၊သုံးငွေစာရင်း

(စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ ပထမ (၃) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ ပထမ (၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ (၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၁၅၇,၈၈၇.၉၄၀ | ၅၅.၀၉၉.၇၄၃ | +၁၀၂,၇၈၈.၁၉၇ | ၁၆၀,၄၃၆.၉၉၂ | ၇.၉၆၀.၉၈၇ | +၁၅၃,၄၇၅.၀၀၅ | ၁၀၂.၂၅% | ၁၄.၄၅% |
| | စုစုပေါင်း | ၁၅၇,၈၈၇.၉၄၀ | ၅၅.၀၉၉.၇၄၃ | +၁၀၂,၇၈၈.၁၉၇ | ၁၆၀,၄၃၆.၉၉၂ | ၇.၉၆၀.၉၈၇ | +၁၅၃,၄၇၅.၀၀၅ | ၁၀၂.၂၅% | ၁၄.၄၅% |

## ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃)လပတ် (အောက်တိုဘာလမှ ဒီဇင်ဘာလအထိ)

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ယာယီရငွေ၊သုံးငွေစာရင်း

## (သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ ပထမ (၃) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ ပထမ (၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ (၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၁၄၉,၀၀၅.၈၇၉ | ၄၆,၇၃၄.၉၃၂ | +၁၀၂,၂၇၀.၉၄၇ | ၁၆၁,၄၃၆.၉၉၂ | ၇.၉၅၅.၃၂၉ | +၁၅၃,၄၈၁.၆၃၃ | ၁၀၈.၃၄% | ၁၇.၀၂% |
| | စုစုပေါင်း | ၁၄၉,၀၀၅.၈၇၉ | ၄၆,၇၃၄.၉၃၂ | +၁၀၂,၂၇၀.၉၄၇ | ၁၆၁,၄၃၆.၉၉၂ | ၇.၉၅၅.၃၂၉ | +၁၅၃,၄၈၁.၆၃၃ | ၁၀၈.၃၄% | ၁၇.၀၂% |

၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃)လပတ် (အောက်တိုဘာလမှ ဒီဇင်ဘာလအထိ)

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ယာယီရငွေ၊သုံးငွေစာရင်း

(ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ ပထမ (၃) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ ပထမ (၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ (၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၆,၁၃၆.၆၈၆ | ၈,၃၆၄.၈၁၁ | -၂,၂၂၈.၁၂၅ | | ၆.၆၂၈ | -၆.၆၂၈ | | ၀.၀၈% |
| | စုစုပေါင်း | ၆,၁၃၆.၆၈၆ | ၈,၃၆၄.၈၁၁ | -၂,၂၂၈.၁၂၅ | | ၆.၆၂၈ | -၆.၆၂၈ | | ၀.၀၈% |

၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃)လပတ် (အောက်တိုဘာလမှ ဒီဇင်ဘာလအထိ)

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ယာယီရငွေ၊သုံးငွေစာရင်း

(ကြေးမြီစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ ပထမ (၃) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ ပထမ (၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ (၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၄ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၂·၈၄၅·၃၈၅ | | +၂·၈၄၅·၃၈၅ | | | | | |
| | စုစုပေါင်း | ၂·၈၄၅·၃၈၅ | | +၂·၈၄၅·၃၈၅ | | | | | |

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏
## ၂၀၁၉ -၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်၊ ပထမ(၃)လပတ် လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ သာမန်ရငွေပိုင်းတွင် ပထမ(၃)လပတ်လျာထားချက် ကျပ် ၁၄၉,၀၀၅.၈၇၉ သန်းဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၆၁,၄၃၆.၉၉၂ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၁၀၈.၃၄ ဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် ပထမ(၃)လပတ်လျာထားချက် ကျပ် ၄၆,၇၃၄.၉၃၂ သန်းဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှု ကျပ် ၇,၉၅၅.၃၅၉ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၁၇.၀၂ ဖြစ်ပါသည်။ သာမန်ရငွေ၊ သုံးငွေနှင့် ပတ်သက်၍ ထူးခြားမှုအခြေအနေများကို အောက်ပါအတိုင်းတွေ့ရှိရပါသည်-

(၁) **သာမန်ရငွေပိုမိုရရှိမှု။** နိုင်ငံခြားအဆက်အသွယ်ဘဏ်များ၌ ကာလတိုအပ်နှံငွေများ ပိုမိုရင်းနှီးမြှုပ်နှံခဲ့ခြင်း၊ Research Advisory Management Program (RAMP) အရ International Government Securitirs များမှ အတိုးနှုန်း ပိုမိုတိုးတက်ရရှိခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုကာလ ပိုမိုတိုးမြှင့်ခြင်းတို့ကြောင့် ရင်းနှီးမြှုပ်နှံမှုအပေါ်မှ အတိုးရငွေများပိုမိုရရှိခြင်း။

(၂) **သာမန်သုံးငွေလျော့နည်းသုံးစွဲမှု။** ပင်စင်လစာလာရောက်ထုတ်ယူမှုနည်းပါးခြင်း၊ ဘဏ်များ၏ Liquidity အခြေအနေပေါ်မူတည်၍ အပ်ငွေလေလံပမာဏအား ချိန်ဆ၍ ခေါ်ယူခဲ့ခြင်းကြောင့် အတိုးပေးငွေလျော့နည်းခြင်း၊ ငွေစက္ကူရိုက်နှိပ်ခများနှင့် ဘဏ္ဍာငွေသယ်ယူပို့ဆောင်ခများအား ဒုတိယ(၃)လပတ်မှသာ ပေးချေမည်ဖြစ်ခြင်းကြောင့် လျော့နည်းသုံးစွဲခြင်း။

(ခ) **ငွေလုံးငွေရင်းရငွေ၊သုံးငွေ။** မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေလုံးငွေရင်းရငွေပိုင်းတွင် ပထမ(၃)လပတ်လျာထားချက် ကျပ် ၆,၁၃၆.၆၈၆ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှုမရှိပါ။ ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် ပထမ(၃)လပတ်လျာထားချက် ကျပ် ၈,၃၆၄.၈၁၁ သန်းဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှု ကျပ် ၆.၆၂၈ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၀.၀၈ ဖြစ်ပါသည်။ ငွေလုံးငွေရင်းရငွေ၊ သုံးငွေနှင့် ပတ်သက်၍ ထူးခြားမှုအခြေအနေများကို အောက်ပါ အတိုင်းတွေ့ရှိရပါသည်-

(၁) **ငွေလုံးငွေရင်းရငွေလျော့နည်းရရှိမှု။** JICA Grant ဖြင့် ဆောင်ရွက်သော

The Project for the Development of Financial Market Infrastructures လုပ်ငန်းများအတွက် လျာထားခဲ့သော်လည်း လုပ်ငန်းပြီးစီးမှုအနည်းငယ် နောက်ကျခဲ့ခြင်းကြောင့် ဒုတိယ(၃)လပတ်မှသာ ရရှိမည်ဖြစ်ခြင်းကြောင့် မရရှိခြင်း။

(၂) **ငွေလုံးငွေရင်းသုံးငွေလျော့နည်းသုံးစွဲမှု။** JICA Grant ဖြင့် ဆောင်ရွက်သော The Project for the Development of Financial Market Infrastructures လုပ်ငန်းများအတွက် ငွေပေးချေနိုင်ရန် အဆင့်ဆင့်တင်ပြခွင့်ပြုချက် ရယူနေရခြင်းနှင့် အခြားရုံးသုံးပစ္စည်းများအတွက် တင်ဒါခေါ်ယူ ဆောင်ရွက်ဆဲဖြစ်ခြင်းတို့ကြောင့်လျော့နည်းခြင်း။

(ဂ) **ကြွေးမြီရငွေ၊သုံးငွေ။** မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ကြွေးမြီရငွေပိုင်းတွင် ပထမ(၃)လပတ်လျာထားချက် ကျပ် ၂,၇၄၅.၃၇၅ သန်းဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှု မရှိပါ။

(၁) **ကြွေးမြီရငွေလျော့နည်းရရှိမှု။** ကြွေးမြီရငွေတွင် World Bank ချေးငွေဖြင့် ဆောင်ရွက်သည့် မြန်မာနိုင်ငံငွေရေးကြေးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (FSDP) လုပ်ငန်းအတွက် လျာထားခဲ့သော်လည်း ကမ္ဘာ့ဘဏ်၏ Procurement Process များနှင့် Internal Process များအရ လုပ်ငန်းအဆင့်ဆင့်ဆောင်ရွက်နေဆဲဖြစ်သဖြင့် လုပ်ငန်းမပြီးပြတ်သေးခြင်းကြောင့် မရရှိခြင်း။

၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃)လပတ် (အောက်တိုဘာလမှ ဒီဇင်ဘာလအထိ)

နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ယာယီရငွေသုံးငွေစာရင်း

(စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ ပထမ (၃) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ ပထမ (၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ (၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | နေပြည်တော်စည်ပင်သာယာရေး ကော်မတီ | ၂၁,၃၂၆.၁၁၄ | ၉,၃၄၂.၉၂၄ | +၁၁,၉၈၃.၁၉၀ | ၂၁,၉၄၈.၈၉၉ | ၇,၄၄၀.၇၄၅ | +၁၄,၅၀၈.၁၅၄ | ၁၀၂.၉၂% | ၇၉.၆၄% |
| | စုစုပေါင်း | ၂၁,၃၂၆.၁၁၄ | ၉,၃၄၂.၉၂၄ | +၁၁,၉၈၃.၁၉၀ | ၂၁,၉၄၈.၈၉၉ | ၇,၄၄၀.၇၄၅ | +၁၄,၅၀၈.၁၅၄ | ၁၀၂.၉၂% | ၇၉.၆၄% |

၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃)လပတ် (အောက်တိုဘာလမှ ဒီဇင်ဘာလအထိ)

နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ယာယီရငွေသုံးငွေစာရင်း

(သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ ပထမ (၃) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ ပထမ (၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ (၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | နေပြည်တော်စည်ပင်သာယာရေး ကော်မတီ | ၂၀,၃၁၄.၇၆၄ | ၈,၈၁၇.၆၅၅ | +၁၂,၄၉၇.၁၀၉ | ၂၀,၉၃၅.၅၈၄ | ၇,၄၁၁.၂၂၈ | +၁၄,၅၂၄.၃၅၆ | ၁၀၂.၉၀% | ၈၄.၀၅% |
| | စုစုပေါင်း | ၂၀,၃၁၄.၇၆၄ | ၈,၈၁၇.၆၅၅ | +၁၂,၄၉၇.၁၀၉ | ၂၀,၉၃၅.၅၈၄ | ၇,၄၁၁.၂၂၈ | +၁၄,၅၂၄.၃၅၆ | ၁၀၂.၉၀% | ၈၄.၀၅% |

၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃)လပတ် (အောက်တိုဘာလမှ ဒီဇင်ဘာလအထိ)

နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ယာယီရငွေ၊သုံးငွေစာရင်း

(ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၉-၂၀၂၀ ပထမ (၃) လပတ် လျာထားချက် | | | ၂၀၁၉-၂၀၂၀ ပထမ (၃)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ (၃)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | နေပြည်တော်စည်ပင်သာယာရေး ကော်မတီ | ၁၁.၃၅၀ | ၅၂၅.၂၆၉ | -၅၁၃.၉၁၉ | ၁၃.၃၁၅ | ၂၉.၅၁၇ | -၁၆.၂၀၂ | ၁၁၇.၃၀% | ၅.၆၂% |
| | စုစုပေါင်း | ၁၁.၃၅၀ | ၅၂၅.၂၆၉ | -၅၁၃.၉၁၉ | ၁၃.၃၁၅ | ၂၉.၅၁၇ | -၁၆.၂၀၂ | ၁၁၇.၃၀% | ၅.၆၂% |

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏
## ၂၀၁၉-၂၀၂၀ ခုနှစ်၊ ဘဏ္ဍာရေးနှစ် ပထမ(၃)လပတ် လျာထားချက်အပေါ်
## အကောင်အထည်ဖော်နိုင်မှုအခြေအနေ

၁။ (က) **သာမန်ရငွေ၊သုံးငွေ။** နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ သာမန်ရငွေပိုင်းတွင် ပထမ(၃)လပတ်လျာထားချက် ကျပ် ၂၁,၃၁၄.၇၆၄ သန်း ဖြစ်ပြီး၊အကောင်အထည်ဖော်နိုင်မှုကျပ် ၂၁,၉၃၅.၅၈၄ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၁၀၂.၉၁ ဖြစ်ပါသည်။ သာမန်အသုံးစရိတ်ပိုင်းတွင် ပထမ(၃)လပတ် လျာထားချက် ကျပ် ၈,၈၁၇.၆၅၅ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၇,၄၁၁.၂၂၈ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၈၄.၀၅ ဖြစ်ပါသည်။ သာမန်ရငွေ၊ သုံးငွေနှင့်ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(၁) **သာမန်ရငွေပိုမိုရရှိမှု။** ယာဉ်များအပေါ်ကောက်ခံသည့် နှစ်စဉ်ဘီးခွန်ရငွေများ၊ ရေပေးခြင်းမှရငွေနှင့် ဇမ္ဗူသီရိအထူးကုဆေးရုံမှ ရငွေများ ပိုမိုရရှိခြင်းတို့ကြောင့် ပိုမိုရခြင်း။

(၂) **သာမန်သုံးငွေလျော့နည်းသုံးစွဲမှု။** ဝန်ထမ်းများ ပြည်တွင်း/ ပြည်ပ ခရီးသွားရောက်မှု လျော့နည်းခြင်း၊ နေပြည်တော် အုတ်စက်ရုံမှ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်မှုမရှိသေးခြင်း၊ လုပ်ငန်းသုံးကျောက်မီးသွေးများ ပေးသွင်းမှုအရသာ ငွေပေးချေရခြင်း၊ နေပြည်တော်နယ်နိမိတ်အတွင်း လုပ်ငန်းလိုအပ်ချက်အရ ပြင်ဆင်ထိန်းသိမ်းခြင်းများ၊ လမ်းတံတား ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများအား ကျန်ကာလမှသာ ဆောင်ရွက်နိုင်မည် ဖြစ်ခြင်းကြောင့် လျော့နည်းရခြင်း။

(ခ) **ငွေလုံးငွေရင်းရငွေ၊သုံးငွေ။** နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ငွေလုံးငွေရင်းရငွေပိုင်းတွင် ပထမ(၃)လပတ်လျာထားချက် ကျပ် ၁၁.၃၅၀ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၁၃.၃၁၅ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၁၁၇.၃၁ ဖြစ်ပါသည်။ ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် ပထမ(၃)လပတ်လျာထားချက် ကျပ် ၅၂၅.၂၆၉ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၂၉.၅၁၇ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၅.၆၂ ဖြစ်ပါသည်။ ငွေလုံးငွေရင်းရငွေ၊သုံးငွေနှင့် ပတ်သက်၍ ထူးခြားမှုအခြေအနေမှာ အောက်ပါအတိုင်းတွေ့ရှိရပါသည်-

(၁) **ငွေလုံးငွေရင်းရငွေပိုမိုရရှိမှု။** ရေမီတာရောင်းချရငွေများ ပိုမိုရရှိခဲ့ခြင်းကြောင့် လျာထားချက်ထက်ပိုမိုရခြင်း။

(၂) **ငွေလုံးငွေရင်းသုံးငွေလျော့နည်းသုံးစွဲမှု။** ဌာနမှဆောင်ရွက်သည့် လုပ်ငန်းများနှင့် တင်ဒါစနစ်ဖြင့် ဆောင်ရွက်သောလုပ်ငန်းများ ဆောင်ရွက်ဆဲဖြစ်၍ လုပ်ငန်းပြီးစီးမှုအရ လုပ်ငန်းကုန်ကျငွေအား ထုတ်ယူပေးချေနိုင်မှုမရှိသေးခြင်းတို့ကြောင့် လျာထားချက်ထက် လျော့နည်းရခြင်း။

၁။ ပြည်ထောင်စုဌာန၊အဖွဲ့အစည်းအားလုံး၏ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပထမ (၃)လပတ် ရငွေ၊သုံးငွေများအပေါ် အောက်ပါအတိုင်း ခြုံငုံသုံးသပ် တင်ပြ အပ်ပါသည်-

(က) ရငွေပိုင်းတွင် သာမန်ရငွေရရှိမှု ၁၀၅.၂၁ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းရငွေရရှိမှု ၃၂.၆၇ ရာခိုင်နှုန်း၊ ကြွေးမြီရငွေရရှိမှု ၄၁.၈၉ ရာခိုင်နှုန်း ဖြစ်သဖြင့် စုစုပေါင်း ရငွေရရှိမှု ၉၇.၂၁ ရာခိုင်နှုန်း ဖြစ်ပါသည်။ သာမန်ရငွေပိုင်းတွင် လျာထားချက်ကို ပြည့်မီကျော်လွန်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး ငွေလုံးငွေရင်းရငွေနှင့် ကြွေးမြီရငွေပိုင်းတွင် လျာထားချက်ကို ပြည့်မီရန်လိုအပ်ကြောင်းတွေ့ရှိရပါသည်။

(ခ) သုံးငွေပိုင်းတွင် သာမန်အသုံးစရိတ် ၈၂.၉၆ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းအသုံးစရိတ် ၄၀.၅၇ ရာခိုင်နှုန်း၊ကြွေးမြီအသုံးစရိတ် ၉၂.၁၇ ရာခိုင်နှုန်းဖြစ်သဖြင့် စုစုပေါင်းအသုံးစရိတ် ၇၆.၁၆ ရာခိုင်နှုန်းဖြစ်ပါသည်။သာမန်အသုံးစရိတ်နှင့် ကြွေးမြီအသုံးစရိတ်ပိုင်းတွင် လျာထားချက်ထက် အနည်းငယ်လျော့နည်းသုံးစွဲထားပြီး ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် လျာထားချက် ပြည့်မီရန်လိုအပ်ကြောင်းတွေ့ရှိရပါသည်။

၂။ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃)လပတ် ရငွေ၊ သုံးငွေ များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှုတွင် ရငွေပိုင်းတွင် သာမန်ရငွေများ လျာထားချက်ကို ပြည့်မီကျော်လွန်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သော်လည်း ငွေလုံးငွေရင်းရငွေနှင့်ကြွေးမြီရငွေများ လျာထားသည်ထက် လျော့နည်းရရှိသဖြင့် ပြည်ပအကူအညီရငွေ၊ ချေးယူရငွေများကို ပေးအပ်မည့် နိုင်ငံ၊ အဖွဲ့အစည်းများနှင့်ညှိနှိုင်း၍ ဘဏ္ဍာရေးနှစ်အလိုက် ထည့်သွင်းလျာထားမှုကို ယခုထက်ပိုမိုနီးစပ်အောင် လျာထားသင့်ပါသည်။

၃။ သုံးငွေပိုင်းတွင် သာမန်အသုံးစရိတ်နှင့် ကြွေးမြီအသုံးစရိတ်ပိုင်းတွင် လျာထားချက်နှင့် နီးစပ်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သော်လည်း ငွေလုံးငွေရင်းအသုံးစရိတ်ပိုင်းတွင် လျာထားချက်ထက် လျော့နည်းသုံးစွဲရခြင်းမှာ အချို့ဝန်ကြီးဌာနများတွင် တည်ဆောက်ရေးလုပ်ငန်းများနှင့် ရုံးသုံးစက်ကိရိယာများ၊ ရုံးသုံးပရိဘောဂများဝယ်ယူရန်အတွက် တင်ဒါခေါ်ယူဆောင်ရွက်ဆဲဖြစ်ခြင်း၊ တည်ဆောက်ရေးလုပ်ငန်းများအား လုပ်ငန်းပြီးစီးမှုအလိုက်သာ ငွေပေးချေရခြင်း၊ ပြည်ပအကူအညီရငွေ၊ ချေးယူရငွေဖြင့် သုံးစွဲသောအသုံးစရိတ်များ သုံးစွဲနိုင်မှုမရှိသေးခြင်း တို့ကြောင့် လျော့နည်းရခြင်းဖြစ်ကြောင်း တွေ့ရှိ ရပါသည်။

၄။ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃)လပတ် ရငွေ၊ သုံးငွေများအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေအား အောက်ပါအတိုင်း နှိုင်းယှဉ်သုံးသပ်တင်ပြအပ်ပါသည်-

**၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်နှင့်**
**၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃)လပတ် ယာယီအမှန်စာရင်းအရ**
**အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည့် အခြေအနေနှိုင်းယှဉ်ချက်ဇယား**

(ကျပ်သန်းပေါင်း)

| စဉ် | အကြောင်းအရာ | ၂၀၁၈-၂၀၁၉ ပထမ(၃)လပတ် အကောင်အထည် ဖော်နိုင်မှု | ၂၀၁၉-၂၀၂၀ ပထမ(၃)လပတ် အကောင်အထည် ဖော်နိုင်မှု | ပိုမိုရရှိ/သုံးစွဲ(+) လျော့နည်း ရရှိ/သုံးစွဲ(-) |
|---|---|---|---|---|
| (က) | **ရငွေ** | **၄,၂၅၃,၄၀၈.၆၈၄** | **၄,၉၃၁,၃၈၁.၅၉၄** | **(+)၆၇၇,၉၇၂.၉၁၀** |
| | သာမန် | ၄,၀၀၇,၆၀၂.၅၉၀ | ၄,၆၆၉,၆၃၆.၄၆၄ | (+)၆၆၂,၀၃၃.၈၇၄ |
| | ငွေလုံးငွေရင်း | ၂၄,၀၂၉.၄၃၄ | ၁၄,၆၂၀.၉၀၄ | (-)၉,၄၀၈.၅၃၀ |
| | ကြွေးမြီ | ၂၂၁,၇၇၆.၆၆၀ | ၂၄၇,၁၂၄.၂၂၆ | (+)၂၅,၃၄၇.၅၆၆ |
| (ခ) | **သုံးငွေ** | **၄,၈၂၀,၁၈၁.၀၅၄** | **၅,၆၆၃,၉၃၇.၆၂၅** | **(+)၈၄၃,၇၅၆.၅၇၁** |
| | သာမန် | ၄,၁၉၈,၆၁၃.၀၁၂ | ၄,၉၈၂,၆၃၁.၆၈၄ | (+)၇၈၄,၀၁၈.၆၇၂ |
| | ငွေလုံးငွေရင်း | ၄၈၇,၀၄၀.၈၈၈ | ၅၀၁,၁၁၁.၁၈၅ | (+)၁၄,၀၇၀.၂၉၇ |
| | ကြွေးမြီ | ၁၃၄,၅၂၇.၁၅၄ | ၁၈၀,၁၉၄.၇၅၆ | (+)၄၅,၆၆၇.၆၀၂ |
| (ဂ) | ပိုငွေ(+)/လိုငွေ(-) | (-)၅၆၆,၇၇၂.၃၇၀ | (-)၇၃၂,၅၅၆.၀၃၁ | (-)၁၆၅,၇၈၃.၆၆၁ |

၅။ အထက်ပါဇယားအရ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃)လပတ် ယာယီအမှန်စာရင်း စုစုပေါင်းရငွေနှင့် နှိုင်းယှဉ်ပါက ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃)လပတ် ယာယီအမှန် စာရင်း စုစုပေါင်းရငွေသည် ကျပ် ၆၇၇,၉၇၂.၉၁၀ သန်း ပိုမိုရရှိကြောင်း တွေ့ရှိရပါသည်။

၆။ စုစုပေါင်းသုံးငွေတွင် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃)လပတ် ယာယီအမှန်စာရင်း စုစုပေါင်းသုံးငွေနှင့်နှိုင်းယှဉ်ပါက ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၃)လပတ် ယာယီအမှန်စာရင်း စုစုပေါင်းသုံးငွေသည် ကျပ် ၈၄၃,၇၅၆.၅၇၁ သန်း ပိုမိုသုံးစွဲခဲ့ကြောင်းတွေ့ရှိရပါသည်။